## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၅၈)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ

စာ - ၁၁ သို့

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊

**စာမျက်နှာ ၆ ကော်လံ ၁** ◆



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကလောမြို့၌ ရေကျဆင်းသွားသဖြင့် တင်ကျန်ခဲ့သောနုန်းများကို ဖယ်ရှားရှင်းလင်းပေးစဉ်။

ဓာတ်ပုံ- မြို့နယ်(ပြန်/ဆက်)

**ဆောင်းပါး**

**ရွှေရောင်အနာဂတ်ဆီသို့ ကြည်ဖြူစွာလှမ်းကြစို့** စာ - ၁၂ သို့

## ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များသို့ APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန် ထောက်ပံ့ဖြန့်ဖြူးပေးသွားမည်

စာ - ၁၁ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်)

# နိုင်ငံတော်၏အနာဂတ်ခရီးသာယာဖြောင့်ဖြူးရေး

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်ကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်ရမည်။ နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့စုပေါင်းနေထိုင်ကြသောနိုင်ငံဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်။ နိုင်ငံတော်၏မြေထု၊ ရေထုနှင့်လေထုတို့ပါဝင်သော နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အတည်ဖြစ်သည့်နေ့တွင်တည်ရှိသည့်အတိုင်းဖြစ်သည်။ ဤသည်မှာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အခန်း(၁)တွင်ဖော်ပြထားသည့်နိုင်ငံတော်၏အခြေခံမူများဖြစ်သည်။

လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနှင့်နိုင်ငံရေးအရလွတ်လပ်မှုကို ပြိုကွဲပျက်စီးရန်လုပ်ဆောင်လာမှုမှန်သမျှကို နိုင်ငံတစ်နိုင်ငံ၏ အခွင့်အရေးဖြစ်သည့်ကာကွယ်ခုခံပိုင်ခွင့်အနေဖြင့် တုံ့ပြန်ဆောင်ရွက်ခွင့်အပြည့်အဝရှိသည်။ ဤသည်မှာ မြန်မာနိုင်ငံတစ်ခုတည်းသာမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအားလုံးတွင်ရှိသောအခွင့်အရေးဖြစ်သည်။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုရှေးရှုဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိနေချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအကျပ်အတည်းကိုအခွင့်ကောင်းယူပြီး နယ်မြေချဲ့ထွင်ရန်လုပ်ဆောင်လာမှုများမှာ နိုင်ငံတော်၏ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးအရလွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများမှာ ယာယီနေရပ်စွန့်ခွာရမှုများနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။ အကြမ်းဖက်သောင်းကျန်းသူများက မြို့ရွာများတွင် အစမ္မဝင်ရောက်နေထိုင်လာကြပြီး တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုကိုကာကွယ်ရန်အတွက် ပြည်သူများ၏အဆောက်အဦများ၊ အရပ်ဘက်အဆောက်အဦများကိုအသုံးပြုမှုများ၊ လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရန်အတွက် ယာယီနေရပ်စွန့်ခွာသူများကို မြို့၊ ရွာများမှာ ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးမှုများလုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် **"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေးယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့်အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့်ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း"** ပြောကြားထားပါသည်။

နိုင်ငံတော်နှင့်တပ်မတော်က နိုင်ငံတော်၏အချုပ်အခြာအာဏာကိုထိပါးလာမှုနှင့်အကြမ်းဖက်မှုများကိုမလွှဲမသွေတုံ့ပြန်ဆောင်ရွက်သွားမှာဖြစ်သည့်အတွက် ပြည်သူများအနေနှင့် မြေစာပင်မဖြစ်ရအောင် သတိပေးခြင်းဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်မှန်သမျှကို ပြည်သူတစ်ရပ်လုံးကဆန့်ကျင်လျက်ရှိသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကိုထိပါးလာမှုများနှင့် အကြမ်းဖက်မှုများကိုတုံ့ပြန်ဆောင်ရွက်ရာတွင် တပ်မတော်တစ်ရပ်တည်းသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် အမျိုးဘာသာသာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသည့်စိတ်ရှိကြသည့်ပြည်သူများကပါ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပါဝင်ကြရမည်ဖြစ်သည်။

ယခုအချိန်တွင်တာဝန်သိပြည်သူများအနေဖြင့် တပ်မတော်နှင့်လက်တွဲပြီးပြည်သူ့စစ်အဖွဲ့များတွင် ပါဝင်ထမ်းဆောင်မှုများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များတွင် ပါဝင်တာဝန်ထမ်းဆောင်လာမှုများမှာ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက်အားတက်ဖွယ်မြင်ကွင်းများဖြစ်သည်။ ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်အတွက်စစ်မှုထမ်းခြင်းနှင့် အခြားသောလုံခြုံရေးအဖွဲ့အစည်းများမှာပါဝင်ခြင်းမှာ ပြည်သူများ၏ တာဝန်တစ်ခုအဖြစ်အရေးတကြီးတည်ရှိနေပြီဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးမှာ နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။ နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းဆောင်ရန်တာဝန်ရှိနေခြင်းမှာ ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုကာကွယ်ရန်ဖြစ်သည်။ ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိသည်မှာ နိုင်ငံတော်၏အနာဂတ်လမ်းခရီးသာယာဖြောင့်ဖြူးစေရေးအတွက် ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

---

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၇) ရက်သာ လိုတော့သည်။

---

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင်နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသောရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များလာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသောအစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင်နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သောအသား၊ ငါး စသည်တို့ကိုပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့်သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

---

# မကွေးမြို့နယ်ရှိ အုန်းတွဲ - စလံကျေးရွာချင်းဆက်လမ်း ချောင်းရေတိုက်စားမှု အခြေအနေများ ကွင်းဆင်းစစ်ဆေး

မကွေး စက်တင်ဘာ ၂၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မကွေး-တောင်တွင်းကြီးလမ်းမှ အုန်းတွဲ-စလံကျေးရွာချင်းဆက်လမ်းအား ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးမှုအခြေအနေများကို တာဝန်ရှိသူများက စက်တင်ဘာလ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ မကွေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးမင်းထွန်း၊ ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်ထွန်းကျော်၊ မကွေးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ဇင်လတ်နှင့် ဝန်ထမ်းများက မကွေး-တောင်တွင်းကြီးလမ်းမှ အုန်းတွဲ- စလံကျေးရွာချင်းဆက်လမ်းအား ယင်းချောင်းရေတိုက်စားမှုကြောင့် လမ်းဘေးကမ်းပါးပြိုကျ၍ မိုင်တိုင်(၀/၃-၀/၄)ကြား လမ်းကြောင်းပြတ်တောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ချောင်းရေတိုက်စားမှုကြောင့် လမ်းပြတ်တောက်သွားသောနေရာအား လမ်းလွှဲဆောင်ရွက်ပေးရန်၊ ကမ်းပါးရေတိုက်စားမှုသက်သာစေရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားသည်။

မကွေးမြို့နယ်ရှိ အုန်းတွဲ-စလံကျေးရွာချင်းဆက်လမ်းအမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးတိုင်းထွာပြီးဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

---

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရွှေတိဂုံစေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ငြမ်းစေတီတည်ဆောက်နေ



ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ငြမ်းစေတီတည်ဆောက်ခြင်းကို စက်တင်ဘာလ ၁၉ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ရွှေတိဂုံစေတီတော်အား ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုများပြုလုပ်ခဲ့ကြပြီး ငါးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်လျက်ရှိသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ပြီး ယခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လမ်းညွှန်မှု၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်ကွပ်ကဲမှုတို့ဖြင့် ရွှေတိဂုံစေတီတော်အား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ရာ ဝန်ကြီးဌာန၏ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုများတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

ရွှေသင်္ကန်းကပ်လှူပူဇော်ရန် နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်အနေဖြင့် ဘာသာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်အား ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းဆောင်ရွက်ရန် ငြမ်းစေတီတည်ဆောက်ခြင်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ တတိယပတ်မှ အောက်တိုဘာလ တတိယပတ်အထိလည်းကောင်း၊ ရွှေစင်ရွှေပြားများ ရောင်တော်ဖွင့်ခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ ဒီဇင်ဘာလ ပထမပတ်အထိလည်းကောင်း၊ ပျက်စီးရွှေပြားများ စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်အထိလည်းကောင်း၊ အလှူရှင်များက ရထားပုံဖြင့် ရွှေပြားလှူဒါန်းခြင်းနှင့် ပျက်စီးရွှေပြားများလဲလှယ်ခြင်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ ၂၀၂၅ ခုနှစ် မတ်လ ဒုတိယပတ်အထိလည်းကောင်း၊ ရွှေချွတ်၊ ရွှေချလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ ၂၀၂၅ ခုနှစ် မတ်လ စတုတ္ထပတ်အထိလည်းကောင်း၊ ငြမ်းဖျက်သိမ်းခြင်းကို ၂၀၂၅ ခုနှစ် မတ်လ ပထမပတ်မှ ဧပြီလ ပထမပတ်အထိလည်းကောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့်ရေစက်ချအခမ်းအနားကျင်းပခြင်းကို ၂၀၂၅ ခုနှစ် မေလပထမပတ်တွင်လည်းကောင်း ဆောင်ရွက်နိုင်ရန်လျာထားကြောင်း သိရသည်။

**ဝန်းရံခ**

# မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီး

မင်းကင်း စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မင်းကင်းမြို့နယ်၌ ပဲတီစိမ်း ၅၄၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှစတင် စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၄၂၃၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၅၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားဆောင်ရွက်ခဲ့တာ လက်ရှိအချိန်ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေအပြင် အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ကိုလည်း ပညာပေးတာတွေရှိပါတယ် " ဟု မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းကပြောသည်။

ယခုနှစ်တွင် မင်းကင်းမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရန် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများရရှိရေး ဆောင်ရွက်ပေးခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၉)

# ရန်ကုန်-မန္တလေး အမြန်လမ်း၌ သွားလာလျက်ရှိသော ခရီးသည်တင်ယာဉ်ကြီးများ၏ ၂၀ ရာခိုင်နှုန်းခန့် Telematics စနစ် တပ်ဆင်ထားပြီးဖြစ်

ရန်ကုန် စက်တင်ဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှကြီးမှူးပြီး ရန်ကုန်-မန္တလေးအမြန်လမ်း၌ သွားလာလျက်ရှိသော ခရီးသည်တင်ယာဉ်ကြီးများအား Telematics စနစ် တပ်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

ထိုသို့ Telematics စနစ်တပ်ဆင်ရာတွင် လက်ရှိအချိန်ထိ ခရီးသည်တင်ယာဉ်ကြီးများ၏ ၂၀ ရာခိုင်နှုန်းခန့် တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်း၌ သွားလာနေကြသော ခရီးသည်တင်ယာဉ်ကြီးများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးရည်ရွယ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့နှင့် Myanmar Millennium Group Co., Ltd. တို့ပူးပေါင်းပြီး ယခုကဲ့သို့ ခရီးသည်တင်ယာဉ်ကြီးများတွင် Telematics စနစ်တပ်ဆင်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါ Telematics စနစ်တပ်ဆင်ထားသော ခရီးသည်တင်ယာဉ်ကြီးများအား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ သုညမိုင်မှ ၃၆၆ မိုင်အတွင်း သွားလာနေစဉ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် Telematics Command and Control Centre မှ အချိန်ပြည့်စောင့်ကြည့်ကာ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ပါက သက်ဆိုင်ရာယာဉ်မောင်းအား သတိပေးခြင်း၊ ယာဉ်မောင်းအနီးတွင်တပ်ဆင်ထားသည့် SOS Button ကိုနှိပ်၍ အရေးပေါ်အကူအညီတောင်းခံလာပါက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်းများကို ၂၄ နာရီ ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

ထို့ပြင် Telematics စနစ် တပ်ဆင်ထားသော ခရီးသည်တင်ယာဉ်ကြီးများ နေ့စဉ်သွားလာမှုများကို မှတ်တမ်းတင်ထားရှိကာ ယာဉ်မတော်တဆဖြစ်မှုနှင့် တခြားသောကိစ္စရပ်များအတွက် ယာဉ်ပိုင်ရှင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မော်တော်ယာဉ်မောင်းနှင်သွားလာခဲ့သောလမ်းကြောင်းနှင့် ယာဉ်မောင်းနှင်ခဲ့သည့်ပုံစံအား ပြန်လည်ကြည့်ရှုစစ်ဆေးနိုင်စေရန်လည်း ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

လှေဦးပိုင်းက ကျွန်တော့်မှာ လှေကို ရွှေ့လျားစေခြင်းဖြင့် ပိုက်တစ်ဖောင်လုံး အစအဆုံးရှည်ထွက်နေအောင် ဆောင်ရွက်ပေးရသည်။ ပိုက်တန်းဆုံးသည့်အချိန်တွင် တက်ခတ်ခြင်းကိုရပ်လိုက်ခြင်းဖြင့် ပိုက်လှေအသွားနှုန်းကို ရပ်တန့်စေသည်။ ပိုက်ချချိန်မှာ နှစ်နာရီခန့်ကြာသည်။ အားကုန်ထုတ်ကာ လုပ်လိုက်ရသောအလုပ်မို့ ပိုက်သမားများ အာခေါင်အာရင်း ခြောက်သွေ့သွားကြသည်။ လှေပဲ့ချောင်တွင် အအေးခံပြီး ထည့်လာခဲ့သော မြေရေအိုးလေးကို လက်နှစ်ဖက်ဖြင့် အသေအချာထိန်းကိုင်ပြီး တစ်ယောက်တစ်လှည့်စီ မော့သောက်ချလိုက်ကြ၏။

"ပိုက်အသွားတော့ လှတယ်ဟေ့"

လှေပဲ့စင်ပေါ်ကနေ မတ်တတ်ရပ်ကာ ပိုက်တန်းကို လှမ်းကြည့်နေသော အဖေ့ထံမှ လုပ်ငန်းအပေါ် အားရသံလေး တစ်ချက်ထွက်သွားသည်။ ပိုက်ချသူနှင့် တက်ခတ်သူတို့မှာ မောပန်းညောင်းညာလျှင် လှေထုပ်တန်းပေါ်တွင် အလျားလိုက်ကျောချပြီး နားနေကြရသည်။ ကပ်စင်ပေါ်တွင် ယာယီရွက်ဖျင်တဲထိုးပြီး နား၍လည်း အဆင်ပြေသည်။ သို့သော် ပိုက်ခေါင်းဆောင်မှာကား လုံးဝနား၍မရ။ ပိုက်ကို အမြဲကြည့်နေရ၏။ ပိုက်အသွားအလာကို အကဲခတ်နေရ၏။

"သားရေ ... ခတ်တက်ဝင်ပေးစမ်းပါဦးဟ၊ ပိုက်ဖျားမတန်းဘူး ခေါက်ဝင်နေတယ် ဖြောင့်ပေးရမယ်"

အဖေသည် ပိုက်လက်ရင်းကို ဖော့ကြီးဖြင့် လွှတ်ထားခဲ့ပြီး လှေကို ပိုက်လက်ဖျားပိုင်းသို့ လှည့်ပေးလိုက်၏။ လက်ဖျားပိုင်းသို့ရောက်လျှင် လက်ဖျားဖော့ကို ကောက်ဆွဲကာ လှေပေါ်တင်လိုက်၏။ ခေါက်ဝင်နေသော ပိုက်လက်ဖျားကို ပြန်လည်ဆန့်ထုတ်ရန် ခတ်တက်ဖြင့်ခတ်ကာ ဆွဲထုတ်လိုက်ရာ လှေနှင့်အတူ ပိုက်မှာ တဖြည်းဖြည်းဖြောင့်တန်းလာ၏။ အားရလောက်မှ လက်ဖျားဖော့ကြီးကို ပြန်လွှတ်ချကာ ထားခဲ့သည်။ လှေကို လက်ရင်းသို့ တစ်ခါပြန်ခတ်ယူပြီး လက်ရင်းဖော့ကို ကောက်ကိုင်ထားလိုက်လေ၏။

ပိုက်တန်းကတော့ ဒီရေအကျနှင့်အတူ စီးဆင်းမျောပါနေ၏။ နှစ်နာရီခန့် စုန်ဆင်းပြီးချိန်တွင် လက်ဖျားနှင့် လက်ရင်းကဝိုက်ပြီး ဂငယ်ပုံသဏ္ဍာန်ဖြစ်သွား၏။ ထိုသို့ဆိုလျှင် ပိုက်သမားတို့ သဘောပေါက်သွားကြပေသည်။ ပိုက်ကြီးမှာ ရေအောက်ကြမ်းခင်းပြင်တွင် တည်ရှိနေသော ကျောက်ပုံကြီးကို ပတ်ဝိုင်းမိသွားပေပြီ။

"ကဲ ... စံထွားရေ ပိုက်ကြီးတော့ ကျောက်ကိုပတ်မိသွားပြီ၊ ဆွဲလိုက်ကြစို့ကွာ"

အဖေ့အပြောတွင် အားမာန်ပြည့်၊ ယုံကြည်မှုအပြည့်ပါနေသည်ဟု ကျွန်တော်တွေးလိုက်သည်။ ကိုစံထွားနှင့် ကျွန်တော်တို့ ပိုက်ကို စဖော်လိုက်ကြပေပြီ။

"ဟာ ... ပါလာပြီဗျ"

ရွှေရောင်အဆင်းဖြင့် ဝင်းဝါနေသော နတ်ကတော်ကြီး(ဆပ်ဖာရိုးရှည်) ပါလာ၏။

"နည်းတဲ့အကောင်ကြီးမဟုတ်ဘူး၊ တစ်လံလောက်တောင်ရှိမလားမသိဘူး"

"ဟေ့ကောင် စံထွား မင်းပါးစပ် ငြိမ်ငြိမ်နေစမ်းပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကိုစံထွားနှင့်ကျွန်တော် ငါးကြီးကိုဖြုတ်ပြီး ရေပက်ခန်းထဲ ပစ်ထည့်ထားလိုက်ကြ၏။

"ဟိုမှာ ... ဟိုမှာ နှစ်ကောင်ပူးကြီးများတောင်ဗျာ"

''ဟေ့ကောင် မင်းပါးစပ်ပိတ်ထားပါဆို"

"ဩော် အစ်ကိုကြီးကလည်း အားရလို့ပါဗျ"

နတ်ကတော်ကြီးနှစ်ကောင်ကို ခပ်သွက်သွက်ဖြုတ်ပြီး ပိုက်ကို ဆက်ဆွဲလိုက်ကြပြန်၏။ ပိုက်တန်းဆုံးသွားပြီးချိန်တွင်တော့ နတ်ကတော် (ဆပ်ဖာရိုးရှည်) ကြီး ၉ ကောင်အထိ ရကြသည်။

"ဒီကောင်တွေက ကျောက်ရိပ်ခိုပြီး အိုင်ဝပ်နေကြတာ။ အခု ရေလည်းစစ်ပြီဆိုတော့ တို့ ရေတက်နဲ့ တစ်ချီ ပြန်ချဦးမယ်ကွာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ကျွန်တော်တို့ ပိုက်သမားတို့မျက်နှာမှာ ရွှင်လန်းနေကြ၏။ လုပ်တိုင်းအောင်လို့ ဆောင်တိုင်းမြောက်ကြတော့ ဘဝအမောတွေလည်း ပြေပျောက်တတ်ကြသည်မှာ လူ့ဓမ္မတာပဲလေ။

"ဒီနေ့ လပြည့်ကျော် ၁၀ ရက်ဆိုတော့ ရေအသေဆုံးရက်ပဲနော်"

"အိုင်ဝပ်တဲ့ငါးတွေ အကြိုက်ဆုံးရက်ပေါ့ကွာ"

ကျွန်တော်တို့ နေလောင်မျက်နှာပြင်များပေါ်တွင် ရသပြည့်အပြုံးရိပ်များ ထင်ဟပ်နေကြ၏။ ကျွန်တော့်တစ်ကိုယ်လုံးတွင် ချွေးများဖြင့် ရွှဲနစ်နေကြပေပြီ။ အင်္ကျီ နွမ်းဖတ်ဖတ်များမှာလည်း စိုရွှဲနေကြပေပြီ။ သို့သော် လောဘတရား၏ဆန္ဒတွန်းအားကြောင့်လို့ ဆိုရပေမလားမသိ။ ကျွန်တော်တို့မှာ မောရမှန်းပင်မသိကြ။ သည်နေ့မှာတော့ ကျွန်တော်တို့ ရေတံငါတွေအတွက် နတ်လိုက်သောနေ့ဟု ပြောရပေမည်။ သဘာဝရယ်၊ ကြိုးစားအားထုတ်မှုရယ်၊ ကံတရားရယ် အကြောင်းဆုံလို့ပဲထင်သည်။ ပိုက်ကြီးကိုဆွဲဖော်လိုက်တိုင်း နတ်ကတော်ကြီးတွေ အရောင်အဆင်းထိန်ထိန်လင်းကာ အစင်းစင်း ကပ်ငြိပါလာကြသည်။ နှစ်ကောင်ပူး၊ သုံးကောင်ပူးတွေတောင် ရှုပ်ရှုပ်ထွေးထွေး ပါလာကြသည်။

● ● ● ● ● ● ●

သည်ကနေ့တွင်တော့ ပင်လယ်ပြင်ကမ်းနံဘေးက ငပသုန်ရွာလေးမှာ နွေနံနက်ခင်းနဲ့လိုက်လျောညီထွေစွာ လှချင်တိုင်းလှပြီး သာယာချင်တိုင်းသာယာနေပေ၏။ မြစ်ပြင်ထဲတွင် ရွက်ကလေး တယမ်းယမ်းနဲ့ ပရိယေသနအတွက် ရှာဖွေသွားလာနေကြသော နာဝါလှေကလေးများက မြစ်ပြင်အနှံ့ ဖွေးဖွေးလှုပ်လှုပ်။ အရှေ့လေပြေကလေးအလှုပ်တွင် လှိုင်းကလေးများက ကမ်းစပ်ကို တဖျပ်ဖျပ်လှုပ်ခတ်ရင်း ကျီစယ်နေကြ၏။ အုန်းပင်တန်းကလေးကလည်း လက်တံကြီးတွေ တယမ်းယမ်းနဲ့ မင်္ဂလာနံနက်ခင်းကို ကြိုဆိုနေကြလေသယောင်။ အနက်ရောင်ဝတ်ရုံပိုင်ရှင်ကို ရွှေကျီးတို့ကလည်း တအအ တအားအားနဲ့ မာဂဓတေးကို သီဆိုရင်း ဟိုပင် သည်ပင် ခုန်ပျံမြူးလို့နေကြလေရဲ့။

"ဟာ ဟိုမှာ ဟိုမှာ နတ်ကတော်တွေ အထွေးလိုက်သီပြီး တက်ရိုးကြီးနဲ့ စွပ်ထမ်းလာကြတာ စံထွားနဲ့ ဘညွန့်တို့မဟုတ်လား။

"ဟုတ်တယ် အဲဒါ ကိုမောင်အေးစိန်တို့လှေပဲ"

ငါးအဝယ်ဒိုင်က ဒိုင်လုပ်သားများမှာ မြစ်ရေစပ်မှ ငါးအထွေးလိုက် ထမ်းသယ်လာကြသော ကျွန်တော်နှင့်ကိုစံထွားကိုကြည့်ပြီး အားရဝမ်းသာပြောကြ၏။ နတ်ကတော်ကြီးများမှာ လူအရပ်နီးနီးရှည်နေပေရာ ကျွန်တော်နှင့် ကိုစံထွားတို့ ပခုံးတင်ထမ်းထားလျက်နှင့်ပင် ငါးကြီးများမှာ သဲပြင်တွင် အမြီးတွေထိလျက်ပါလာ၏။ ကျွန်တော်တို့ ငါးတွဲကို ဒိုင်ရှေ့တွင်ချပြီး ခတ်တက်ရိုးကို နုတ်လိုက်ကြ၏။

ကိုစံထွားနှင့်ကျွန်တော် တစ်ချီနဲ့မပြီး၊ နှစ်ချီနဲ့မပြီး အခေါက်ခေါက်အခါခါ သယ်ရသည်။

"ဆရာလေး ဘညွန့်တို့က ရေလုပ်သားဘဝ တစ်ခေတ်ပြောင်းတော့မယ်ထင်တယ်ဗျို့"

ငါးဒိုင်ပိုင်ရှင် ဦးထွန်းတင်က ကျွန်တော့်ကို အားရဝမ်းသာ ဆီးကြိုလိုက်သည်။ ကျွန်တော် ငပသုန်ရွာတွင် အကူကျောင်းဆရာအဖြစ် တစ်နှစ်လုပ်ဖူးခဲ့သဖြင့် တချို့ကျောင်းသားမိဘတွေဆို ကျွန်တော့်ကို ခုထိ ဆရာလေးဟု ခေါ်ကြတုန်းပင်ဖြစ်သည်။

■ ■ ■ ■ ■ ■ ■

ဆက်လက်ဖော်ပြပါမည်။

## နောင်တရားမြို့အနီးဝန်းကျင်ကျေးရွာများ၌ ငရုတ်ကေများ တိုးချဲ့စိုက်ပျိုးလာ



နောင်တရား စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့အနီးဝန်းကျင်ကျေးရွာများ၌ စိုက်ပျိုးရေးတောင်သူများက ဈေးနှုန်းတည်ငြိမ်သည့်သီးနှံများကို ရွေးချယ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ငရုတ်ကေများ တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။

စားဖိုဆောင်သီးနှံဖြစ်သည့် ငရုတ်ကို ငရုတ်စို၊ ငရုတ်ခြောက်ဟူ၍ ခွဲခြား၍ ပုံစံနှစ်မျိုးဖြင့် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီး ဈေးကွက်တည်ငြိမ်မှုရှိကြောင်း သိရသည်။

"ဒီနှစ်မှာ တောင်သူတွေအနေနဲ့ ဈေးနှုန်းတည်ငြိမ်ပြီး ပြုပြင်လွယ်တဲ့သီးနှံကို ရွေးချယ်စိုက်ပျိုးကြပါတယ်။ ပြီးခဲ့တဲ့ရာသီက ကုန်စိမ်းသီးနှံတွေ စိုက်ပျိုးတာ ဈေးနှုန်းမတည်ငြိမ်တဲ့အတွက် အခက်အခဲများဖြစ်ပေါ်ခဲ့တယ်။ ဒီရာသီမှာ ငရုတ်ကိုအခြောက်လှန်းဖို့ မဖြစ်နိုင်လို့ ငရုတ် အစိုကိုပဲ ရောင်းနေရပါတယ်" ဟု နောင်တရားမြို့ သစ်ပင်မဲကျေးရွာမှ ငရုတ်စိုက်ပျိုးသည့် တောင်သူတစ်ဦးကပြောသည်။

နောင်တရားမြို့ အနီးဝန်းကျင်ကျေးရွာများ၌ ငရုတ် စုစုပေါင်းဧက ၂၀၀၀ ကျော် စိုက်ပျိုးထားပြီး ပြီးခဲ့သည့်နှစ်များကထက် ဧက ၅၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

## ချောင်းဆုံမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

ချောင်းဆုံ စက်တင်ဘာ ၂၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံ၍ ဘက်စုံထူးချွန်ထက်မြက်စေရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိရှိနိုင်စေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး စက်တင်ဘာလ ၂၁ ရက်က အခြေခံပညာအထက်တန်းကျောင်း (ကွမ်သဲ)ခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ရေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ကျောင်းသား၊ ကျောင်းသူများ ဘက်စုံထူးချွန်၍ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အစုအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာစေရန် လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြပြီး ဆွေးနွေးခဲ့ကြသူများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်၊ (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်





နေပြည်တော်  စက်တင်ဘာ  ၂၂

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင်ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေးလုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်နှင့် ဆေးရုံမှ တာဝန်ရှိသူများ တက်ရောက် အားပေးကာ သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ကြသည့် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ရေသန့်၊ ကော်ဖီ၊ ကောက်ညှင်းပေါင်းနှင့် အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထိုသို့လုပ်အားပေးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းစုစုပေါင်း ၆၆၀ ဦးတို့က ဆေးရုံကြီးဝင်းအတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများ အမြင့်တင့်တယ်စေရေး၊ လေဝင်လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့်တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းနှင့်အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ပျော်ရွှင်စွာ အတူတကွသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုးပိုနေမည်

နေပြည်တော်  စက်တင်ဘာ  ၂၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့နယ်အတွင်းရှိ တံတားများပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း လင်းခေးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် တောင်ငူမြို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ပြည်သူများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့်ဌာနဆိုင်ရာဝန်ထမ်းများက ကလောမြို့၌ ရေကျဆင်းသွားသဖြင့် တင်ကျန်ခဲ့သောနုန်းများကို ဖယ်ရှားရှင်းလင်းပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရမည်းသင်းမြို့ ရုံးပင်တွင်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

◆ **ရှေ့ဖုံးမှအဆက်**

လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် လင်းခေးမြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚C | / | ၃၃.၈˚C |
| ရန်ကုန် | ၂၄˚C | / | ၂၉.၅˚C |
| မန္တလေး | ၂၇˚C | / | ၃၇.၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော် ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ခြင်း

နေပြည်တော် စက်တင်ဘာ ၂၂

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရေကန် ၂၂ ကန် ပြန်လည်တူးဖော်ထိန်းသိမ်းပြီးဖြစ်ပါသည်။ ရေကန် ခုနစ်ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းရေးဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကျန်ရှိနေသောရေကန်များကိုလည်း ဆက်လက်၍ တူးဖော်ထိန်းသိမ်းကန်ဆယ်မည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော် (ဖုန်း၊ ၀၆၇-၃၄၀၈၄၁၈)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ (ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁)၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ (ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉)နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No.၀၆၇၁၃၉၀၆၇၀၁၄၄၂၇၀၁ တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ရေဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ဖားကုန်း စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ဖားကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ရေဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကူညီရှာဖွေကယ်ဆယ်နိုင်ရန် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်ဦး ခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များပူးပေါင်း၍ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်လူများအား ရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီ ဝတ်ဆင်ပုံနည်းများ၊ ဒဏ်ရာရလူနာအား ရှေးဦးသူနာပြုစုနည်းများ၊ ရေကြီးလာပါက နီးစပ်ရာအရေးပေါ်စခန်းများသို့ ရွှေ့ပြောင်းရန် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြကြသည်။

အဆိုပါ ရေဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့များက ကြည့်ရှုအားပေးပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ခြင်းများကို အသံချဲ့စက်ဖြင့် ကျေးလက် မြို့ရွာအနှံ့ အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**



### မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၉-၂၀၂၄(တနင်္လာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၆ မေတ္တာပို့
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၃၅ မျိုးချစ်တပ်မတော်
၅။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၆။ ၁၆:၃၅ သီချင်းလက်ဆောင်
၇။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၈။ ၁၉:၀၀ **(၁၉၉၅) ခုနှစ်၊ မြဝတီ အငြိမ့်ပြိုင်ပွဲ တိုင်းရွှေဝယ် အငြိမ့်(ပထမပိုင်း) (အရှေ့တောင်တိုင်း စစ်ဌာနချုပ်)**

## ဇေယျာသီရိမြို့နယ် ဆင်သေချောင်းကျေးရွာ ဆိုလာရေတင်လုပ်ငန်း ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဆင်သေချောင်းကျေးရွာ ဆိုလာရေတင်လုပ်ငန်း ပျက်စီးမှုအခြေအနေများကို စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးစိုင်းသူရကျော်၊ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦးနှင့် တာဝန်ရှိသူများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းကြောင့် ဆင်သေချောင်းကျေးရွာရှိ ဆိုလာရေတင်လုပ်ငန်းထိခိုက်ပျက်စီးမှုအခြေအနေများနှင့် အချိန်မီပြန်လည်အသုံးပြုနိုင်ရေး လိုအပ်သည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးစိုင်းသူရကျော်နှင့် တာဝန်ရှိသူများက ရပ်မိရပ်ဖများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရေး ဆွေးနွေးမှာကြားကြောင်း သိရသည်။

**နော်လူး**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေနက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# အစာအဆိပ်သင့်ခြင်းအကြောင်း သိမှတ်စရာအဖြာဖြာ

အစာအဆိပ်သင့်ခြင်းသည် အသက်အရွယ်အပိုင်းအခြားမရွေး ဖြစ်တတ်သည်။ မသန့်ရှင်းသောအစားအသောက်များကို စားသုံးမိခြင်း၊ ရောဂါပိုးများနှင့် တခြားအဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများ၊ စည်သွတ်ဘူးများ၊ အကြေးခွံပါသောငါးများ၊ ငါးနှင့်ခရုများရှိ အဆိပ်ဖြစ်စေသောဓာတ်ပစ္စည်းများ၊ အမှည့်လွန်သစ်သီးများ၊ ရက်လွန်အစားအသောက်များ၊ ပုံစံပျက်ယွင်းသွားသော နို့နှင့်နို့ထွက်ပစ္စည်းများ၊ မှိုနှင့်အသီးအရွက်များစသည်တို့ကြောင့် အစာအဆိပ်သင့်ခြင်းဖြစ်ပွားနိုင်သည်။ ထို့ပြင် မိလ္လာ သို့မဟုတ် ရေဆိုးမြောင်းများနှင့် ဆက်စပ်နေသောရေဖြင့် အစားအစာများကို ဆေးကြောမိပါက ယင်းအစားအသောက်များတွင် ဗက်တီးရီးယားပိုးများပါဝင်လာပြီး အစာအဆိပ်သင့်စေနိုင်သည်။ ထို့ကြောင့် အစားအသောက် ပြင်ဆင်၊ ချက်ပြုတ်သူများက အထူးသတိထားသင့်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် အန္တရာယ်ရှိသော ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များ၊ ကပ်ပါးပိုးများ သို့မဟုတ် ဓာတုပစ္စည်းများပါရှိသောအစားအစာများသည် ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအထိ ရောဂါအမျိုးမျိုးဖြစ်စေနိုင်ကြောင်း၊ အစားအသောက်မသန့်ရှင်းရာမှ ဖြစ်ပေါ်လာသောရောဂါများကြောင့် နှစ်စဉ် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှု ၁၂၅၀၀၀ ဝန်းကျင်အထိရှိနေကြောင်းနှင့် ခန့်မှန်းခြေလူဦးရေသန်း ၆၀၀ ခန့် သို့မဟုတ် လူ ၁၀ ဦးလျှင် တစ်ဦးသည် မသန့်ရှင်းသောအစားအစာကို စားသုံးမိသဖြင့် နှစ်စဉ် လူပေါင်း ၄၂၀၀၀၀ ခန့် သေဆုံးနေရကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း အသင့်စားသုံးနိုင်သောအကင်မျိုးစုံစားသုံးမှု ပိုများလာသည်။ ဒေသအနှံ့အပြားရှိစားသောက်ဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များတွင်လည်း အလွယ်တကူရရှိနိုင်သည့် အသားလုံး၊ အသားပြားစသည်ဖြင့် စားချင်စဖွယ်ပုံစံအမျိုးမျိုးဖြင့် ရောင်းချလာကြသည်။ အဆိုပါအစားအစာများတွင် အသုံးပြုထားသည့် အသားအမျိုးအစား၊ တာရှည်ခံဆေးများ၊ အရောင်တင်ဆေးများပါဝင်နေမှုနှင့် အချိုးအစား၊ သက်ဆိုင်ရာအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ခွင့်ပြုချက်၊ ထောက်ခံချက်ရရှိမှု စသည့်စားသုံးသူဆိုင်ရာသတင်းအချက်အလက်များကို ပြည့်စုံစွာဖော်ပြထားခြင်းမရှိပေ။ သို့ဖြစ်၍ အဆိုပါအသားချောင်းများ၊ အသားလုံးများကြောင့်လည်း အစာအဆိပ်သင့်မှုများ ဖြစ်ပွားနိုင်သည်။

## ရောဂါလက္ခဏာများ

ဗိုင်းရပ်စ်များ၊ ဗက်တီးရီးယားများကြောင့် အစာအဆိပ်သင့်ခြင်းများမှာ သုံးနာရီနှင့် ငါးနာရီအတွင်း အစာအဆိပ်သင့်သည့်လက္ခဏာပြသကဲ့သို့ တချို့က ခန္ဓာကိုယ်ထဲဝင်ရောက်ပြီး ခြောက်နာရီမှ ၁၂ နာရီခန့်အတွင်း ရောဂါလက္ခဏာပေါ်လာကြသည်။ ပိုးသတ်ဆေးဖျန်းထားသော အသီးအရွက်များကို သေချာမဆေးကြောဘဲစားသုံးမိလျှင် အချိန်တိုအတွင်း အစာအဆိပ်သင့်ခြင်း လက္ခဏာပြသည်။

ကြွက်တက်ခြင်း၊ ချွေးထွက်ခြင်း၊ အော်ဂလီဆန်ခြင်း၊ ဝမ်းဖောခြင်းနှင့် မူးမော်ခြင်း လက္ခဏာများသည် တစ်ရက်နှစ်ရက်အတွင်း ပျောက်ကင်းသွားလေ့ရှိသည်။ သို့သော် အသက်ငယ်လွန်းသူ၊ သက်ကြီးရွယ်အို၊ နာတာရှည်ရောဂါတစ်မျိုးမျိုးခံစားနေရသူ၊ ကိုယ်ခံအားနည်းသူများအတွက် စိုးရိမ်ရသည်။ စိုးရိမ်ဖွယ်ကောင်းသော အစာအဆိပ်သင့်လက္ခဏာများမှာ –

- အစာမျိုရန်၊ စကားပြောရန်၊ အသက်ရှူရန်ခက်ခဲပြီး မျက်စိအမြင်ပြောင်းလဲခြင်း၊ လှုပ်လှုပ်ရှားရှားမလုပ်နိုင်ခြင်း။
- ကိုယ်အပူချိန် ၁၀၀ ဒီဂရီဖာရင်ဟိုက်ထက် ကျော်နေခြင်း။
- မည်သည့်အစာနှင့် ရေတို့ကိုမျှ ဝမ်းဗိုက်က လက်မခံဘဲ အန်ထုတ်နေခြင်း။
- နှစ်ရက်ထက်ကျော်၍ ဝမ်းဖောဝမ်းပျက်ဖြစ်နေခြင်း။
- ဝမ်းဗိုက်အတွင်း တစ်နေရာတည်း ဆက်တိုက်နာခြင်း။
- ရေအလွန်ငတ်ပြီး အာခြောက်ခြင်း။
- ဆီးသွားနည်းလာပြီး လက်ဖမိုးမှ အရေပြားကို ဆွဲလိုက်သည့်အခါ အရေပြားပါမလာဘဲ ကပ်နေခြင်း။
- ခန္ဓာကိုယ်တွင်း ရေဓာတ်ခန်းခြောက်နေခြင်း။
- ဝမ်းသွားရာတွင် သွေးပါခြင်း။

## အကောင်းဆုံး အိမ်တွင်းကုထုံးများ

အစာအဆိပ်သင့်ခြင်းအတွက် ပန်းသီးရှလကာရည်က အကောင်းဆုံးဆေးတစ်ခွက်ဖြစ်သည်။ အစာမစားမီ ရေနွေးတစ်ဖန်ခွက်ထဲသို့ ပန်းသီးရှလကာရည် လက်ဖက်ရည်ဇွန်းနှစ်ဇွန်းထည့်ပြီး ရောမွှေ၍သောက်ပါ။ ပူဒီနာရွက် လတ်လတ်ဆတ်ဆတ်ကို ရေနွေးတွင်ခတ်၍သောက်ပါ။ ပူဒီနာရွက်ပါသော သကြားလုံး သို့မဟုတ် ပီကေစားပါ။ ပူဒီနာရွက်ဖြင့်ဖော်စပ်ထားသည့် သွားတိုက်ဆေးသုံးပါ။ သောက်ရေသန့်တစ်ဖန်ခွက်ထဲသို့ သံပရာရည် လက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊ ဆားလက်ဖက်ရည်ဇွန်းနှစ်ဇွန်း၊ သကြားလက်ဖက်ရည်ဇွန်းတစ်ဇွန်းရောမွှေ၍သောက်ပါ။ ကြက်ပြုတ်ရည်သောက်ပါ။ အစာတစ်ခုခုစားပြီးတိုင်း ချင်းပြုတ်ရည်သောက်ပါ။ ပဲနံ့သာပင်အစေ့လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့်ကို ဒိန်ချဉ်ကျဲကျဲတစ်ခွက်နှင့် ရောသောက်ပါ။ ပင်စိမ်းရွက်ကို ကြိတ်ခြေ၍ ပျားရည်ဖြင့်သောက်ပါ သို့မဟုတ် ပင်စိမ်းရွက်သတ္တုရည်ကို ရေတစ်ဖန်ခွက်နှင့်သောက်ပါ။ ကြက်သွန်ဖြူကို အစိမ်းဝါးစားပါ။ ငှက်ပျောသီးဖီးကြမ်းအမှည့်စားပေးပါ။ ဇီရာစေ့ကိုကြိတ်ခြေ၍ ရေအေးဖြင့်သောက်ပါ။ ပျားရည်လက်ဖက်ရည်ဇွန်းနှစ်ဇွန်းခန့်ကို ရေနွေးဖြူတစ်ဖန်ခွက်နှင့် ရောဖျော်၍သောက်ပါ။ ဘာလီဖျော်ရည်သောက်ပါ။ ထမင်းရည်ကျဲကျဲသောက်ပါ။

> ''အစာအဆိပ်သင့်ဖြစ်ပြီးနောက် ခန္ဓာကိုယ်ထဲရှိ ဆုံးရှုံးသွားသောအရည်ဓာတ်များကို ပြန်လည်ဖြည့်တင်းသည့်အနေဖြင့် သောက်ရေ သို့မဟုတ် ရေနွေးကြမ်း သို့မဟုတ် သဘာဝသစ်သီးဖျော်ရည်တို့ကိုသောက်ပါ။ သီးစုံဓာတ်ဆားရည်သောက်ပါ။ ဆန်ပြုတ်ရည်ကျဲကျဲ သို့မဟုတ် ကြက်သားစွပ်ပြုတ်သောက်ပါ။ နို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသော ထောပတ်၊ ချိစ်တို့ကို မစားပါနှင့်။ အမျှင်ဓာတ်များသော ဟင်းသီးဟင်းရွက်များ၊ ချေဖျက်ရန်ခက်ခဲသော ခြေလေးချောင်းအသားများ၊ ရင်ပြည့်စေတတ်သော ဂျုံ၊ ကွေကာ၊ ပဲ၊ ပြောင်း၊ အခွံမာသီးအစေ့အဆန်များ စားသုံးမှုကို ခေတ္တရှောင်ပါ။ မာသောအစားအစာမှန်သမျှ မစားပါနှင့်။ အရက်၊ ဘီယာနှင့် ကဖိန်းဓာတ်ပါသောအချိုရည်များ၊ လက်ဖက်ရည်၊ ကော်ဖီတို့ကို မသောက်ပါနှင့်. . .''

## နာလန်ထလူနာများအတွက် ဆောင်ရန်/ရှောင်ရန်အစားအစာများ

အစာအဆိပ်သင့်ဖြစ်ပြီးနောက် ခန္ဓာကိုယ်ထဲရှိ ဆုံးရှုံးသွားသောအရည်ဓာတ်များကို ပြန်လည်ဖြည့်တင်းသည့်အနေဖြင့် သောက်ရေ သို့မဟုတ် ရေနွေးကြမ်း သို့မဟုတ် သဘာဝသစ်သီးဖျော်ရည်တို့ကို သောက်ပါ။ သီးစုံဓာတ်ဆားရည်သောက်ပါ။ ဆန်ပြုတ်ရည်ကျဲကျဲ သို့မဟုတ် ကြက်သားစွပ်ပြုတ်သောက်ပါ။ နို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသော ထောပတ်၊ ချိစ်တို့ကို မစားပါနှင့်။ အမျှင်ဓာတ်များသော ဟင်းသီးဟင်းရွက်များ၊ ချေဖျက်ရန်ခက်ခဲသော ခြေလေးချောင်းအသားများ၊ ရင်ပြည့်စေတတ်သော ဂျုံ၊ ကွေကာ၊ ပဲ၊ ပြောင်း၊ အခွံမာသီးအစေ့အဆန်များ စားသုံးမှုကို ခေတ္တရှောင်ပါ။ မာသောအစားအစာမှန်သမျှ မစားပါနှင့်။ အရက်၊ ဘီယာနှင့် ကဖိန်းဓာတ်ပါသောအချိုရည်များ၊ လက်ဖက်ရည်၊ ကော်ဖီတို့ကို မသောက်ပါနှင့်။

## ကြိုတင်ကာကွယ်ရန် နည်းလမ်းကောင်းများ

သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ အသားများကိုသာ ရွေးချယ်စားသုံးပါ။ ရက်လွန်အစားအစာများ၊ ပုပ်သိုးနေသောအစားအစာများ၊ အမှည့်လွန်သစ်သီးများ၊ သံချေးတက်ပုံပျက်နေသော စည်သွတ်ဘူးများစားသုံးခြင်းကို ရှောင်ကြဉ်ပါ။ သန့်စင်ခန်းအသုံးပြုပြီးလျှင် သို့မဟုတ် အစားအစာကိုင်တွယ်၊ ပြင်ဆင်၊ ချက်ပြုတ်ခြင်းမပြုမီ လက်ကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။ အသီးအရွက်၊ အသားငါးများကို ကျက်အောင်ချက်ပြုတ်စားသုံးပါ။ အစားအစာချက်ပြုတ်ပြီးနောက် ပူပူနွေးနွေးစားသုံးရန်နှင့် လတ်တလောမစားသုံးဖြစ်သေးပါက ရေခဲသေတ္တာထဲတွင် သိမ်းဆည်းသိုလှောင်ထားရန်နှင့် စားသုံးမည်ဆိုပါက ပူနွေးအောင်ပြန်နွှေး၍စားသုံးပါ။ အသီးအရွက်၊ အသားငါးများ လှီးဖြတ်ရာတွင် အသုံးပြုသော ဓားနှင့် စဉ်းတီတုံးများကို ခွဲခြားအသုံးပြုပါ။ အကယ်၍ သီးခြားမသုံးနိုင်ပါက ဆပ်ပြာဖြင့် ရေစင်အောင်ဆေးကြောပြီးမှ သုံးစွဲပါ။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသော အသီးအရွက်၊ အသားငါးများကို ရောနှော သိုလှောင်သိမ်းဆည်းခြင်း မပြုပါနှင့်။ အလှူနှင့် လူအများအတွက် ကျွေးမွေးမည့်နေရာတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါလူနာများအနေဖြင့် အစားအစာများအား ကိုင်တွယ်၊ ပြင်ဆင်၊ ချက်ပြုတ်ခြင်းမပြုသင့်ပါ။ စားကြွင်းစားကျန်များထည့်ထားသောအမှိုက်ပုံးကို သေချာစွာဖုံးအုပ်ထားရန်နှင့် မပြည့်လျှံမီစွန့်ပစ်ပါ။ ကြွက်များ မခိုအောင်နိုင်စေရန် မီးဖိုချောင်ကို သန့်ရှင်းသပ်ရပ်စွာထားပါ။ အမျိုးအမည်မသိ၊ မစားသောက်ဖူးသောမှို၊ သစ်ဥသစ်ဖုနှင့် ပင်လယ်စာများကို သတိထားစားသောက်ပါ။ သိမ်းဆည်းထားပြီးအနံ့နှင့် အရောင်အဆင်းမကောင်းသောအစားအသောက်များကို မစားပါနှင့်။ စည်သွတ်ဘူး အပိန်အရှုံ့များကိုလည်း မသုံးစွဲပါနှင့်။ ရေခဲသေတ္တာထဲတွင် အေးခဲနေသောအသားများကို ရေခဲပျော်အောင်ပြုလုပ်ပြီးလျှင် ချက်ချင်းချက်ပြုတ်ပါ။ ပန်းကန်ဆေးသော ရေမြှုပ်ဖတ်များကို တစ်ကြိမ်သုံးပြီးတိုင်း ဆပ်ပြာဖြင့် သန့်စင်အောင်ဆေးကြောပေးပါ။ သံဘူးများဖွင့်သောကိရိယာကို စင်အောင်ဆေးကြောပြီးမှသုံးပါ။ ဆိုင်မှဝယ်လာသော အချိုရည်ဘူးများကို ရေဖြင့်သန့်စင်အောင်ဆေးကြောပြီးမှ ပါးစပ်ဖြင့်စုပ်သောက်ပါ။ ဟင်းသီးဟင်းရွက်များကို မချက်ပြုတ်မီ စင်ကြယ်အောင် ပွတ်တိုက်ဆေးပါ။ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထားခြင်းမဟုတ်သော သခွားသီးများကို အခွံခွာပစ်ပါ။ ဝက်၊ ကြက်၊ ငါးနှင့် ငါးဥတို့ကို မကျက်မီမြည်းစမ်း၍ မစားသင့်ပေ။ အသားဟင်းလျာများ ချက်ပြုတ်ရာတွင် ပန်းရောင်သွေးပျောက်သည်အထိ ချက်ပြုတ်ပါ။ အရိုးပါသောကြက်သားများကို အဆစ်များ အနီရောင်ပျောက်သည်အထိ ချက်ပြုတ်ပါ။

## အထူးသတိပြုရန်

ဝမ်းပျက်၊ ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရောဂါရှိသူများနှင့် ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့မှ အထူးရှောင်ကြဉ်သင့်သည်။

အချုပ်အားဖြင့်ဆိုသော် လူသားတို့နေ့စဉ်ဘဝတွင် ကျန်းမာရေးအတွက် ဘေးကင်းသောအစားအစာ စားသုံးနိုင်ရေးသည် လွန်စွာအရေးကြီးသည်။ အန္တရာယ်မကင်းသောအစားအစာများက ရောဂါများစွာဖြစ်လာနိုင်ပြီး ကြီးထွားမှုနှောင့်နှေးခြင်း၊ အာဟာရချို့တဲ့မှုဖြစ်ပေါ်စေခြင်း၊ ရောဂါအခံရှိသူများတွင် အန္တရာယ်ပိုများခြင်း၊ အခန့်မသင့်ပါက အသက်ဆုံးရှုံးစေခြင်းတို့ဖြစ်နိုင်သည်။ ကျေးလက်ဒေသများ၌ နေထိုင်သူများအနေဖြင့် အစာအဆိပ်သင့်ခြင်းနှင့် ပတ်သက်၍ ကျယ်ပြန့်စွာသိရှိရန်လိုအပ်ပြီး အထူးသဖြင့် အမျိုးအမည်မသိသောမှိုများစားသုံးခြင်း၊ မြစ်ချောင်းအင်းအိုင်တို့တွင် အဆိပ်ချငါးဖမ်းခြင်းများ မပြုလုပ်သင့်ပေ။

အစားအစာဘေးကင်းရေးဆိုရာတွင် ပစ္စည်းထုတ်လုပ်ခြင်း၊ စိုက်ပျိုးခြင်းမှသည် ရိတ်သိမ်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြင်ဆင်ခြင်းနှင့် စားသုံးခြင်းအထိ ပါဝင်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာအစားအစာဘေးအန္တရာယ်ကင်းရှင်းမှု အညွှန်းကိန်းတွင် နိမ့်ကျနေဆဲဖြစ်ကြောင်း လေ့လာသိရှိရသည်။ ထို့ကြောင့် အစားအသောက်များ ဘေးကင်းမှုဆိုင်ရာစံနှုန်းများအတိုင်း လိုက်နာစေရေးကို အလေးထားအကောင်အထည်ဖော်ရန် လိုအပ်နေပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအားပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ



**ဇီးကုန်း စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပြည်ကားလမ်း၊ မြို့မဈေးကြီးအတွင်းအပြင်နှင့် လူစည်ကားရာနေရာများတွင်ဖြန့်ဝေပေးသည်။

လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်၊ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအေးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များရရှိစေရန်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးပိုစတာနှင့် စတေကာကပ်ခြင်း၊ လက်ကမ်းစာစောင်များအား လမ်းသွားလမ်းလာပြည်သူများ၊ ခရီးသွားပြည်သူများအား အခမဲ့ဖြန့်ဝေပေးခြင်းတို့ဆောင်ရွက်သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရာတွင် အချက်အလက်များမှန်ကန်ပြည့်စုံစေရေးအတွက် မြို့နယ်သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာကော်မတီများဖွဲ့စည်း၍ သင်တန်းများပို့ချပေးလျက်ရှိကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)

## VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**အောင်လံ စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့်မိုးကောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၂ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ မိုးကောင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



မိုးကောင်းကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်၁၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ်၃ ဒသမ ၀၅ သန်းဖြင့် အသုံးပြုကာ ဩဂုတ်လ ပထမပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ချိုသန်းညွန့်(ကျေးလက်)

## ကောင်းခြင်းမင်္ဂလာ ပီတိဖြာ

❖ ရေကြီးရေလျှံ၊ ကြုံရပြန်၍
ဘေးဒဏ်ခံစား၊ ပြည်သူများတွက်
လူသားချင်းချင်း၊ ရိုင်းပင်းခြင်းနှင့်
ရင်တွင်းစေတနာ၊ ဖော်ပြလာကာ
ကြည်သာရွှင်ပျ၊ ပေးလှူကြသည့်
ထူးစွဆင်နွှဲ အလှူငွေပေးအပ်ပွဲ။

❖ သဒ္ဓါထက်သန်၊ မေတ္တာမှန်ဖြင့်
ဘေးရန်ကြုံနေ၊ ပြည်သူတွေကို
ခြေနေကောင်းရောက်၊ ကူညီထောက်သည်
ဝမ်းမြောက်ဖွယ်ရာ မင်္ဂလာ။

❖ ရေဘေးကြုံရ များဒုက္ခမှ
လွတ်ကြပါစေ၊ ရည်သန်ခြွေ၍
ပေးဝေလှူကြ၊ မြတ်ဒါနကား
ပုဗ္ဗ မုဥ္စ၊ အပရစေတနာ
စိတ်မှာဖြာဝေ၊ ပီတိတွေနှင့်
ပေးဝေလှူသည် ဝမ်းမြောက်ပြီ။

❖ မြန်မာပီပီ၊ လှူကြသည်မှာ
မည်ကာမတ္တ၊ မဟုတ်ကြဘဲ
အားရနှစ်ထောင်း၊ လှူကြကြောင်းမို့
စုပေါင်းဆင်နွှဲ၊ လှူငွေပွဲကို
ရင်ထဲချမ်းမြေ့၊ ကြည်နူးမွေ့၏။

❖ တွေးကြည့်သေချာ၊ ရှုမြင်ပါသော်
မြန်မာစိတ်ထား၊ လွန်ထူးခြား၏
အားငယ်သူတွေ၊ အားရှိစေဖို့
ပေးဝေလှူကြ၊ မြတ်ဒါနမှာ
အားရဖွယ်အတိ ဖြစ်ပေ၏။

❖ မမျှော်မလင့်၊ ရေဘေးသင့်လည်း
စိတ်နှင့်ခန္ဓာ၊ ချမ်းသာပါစေ
နေရာတကျ၊ အခြေချ၍
လှသည့်ဘဝ၊ ရစေကြဖို့
လှူကြမြင်ကွင်း၊ မြင်ရခြင်းမှာ
ကောင်းခြင်းမင်္ဂလာဖြစ်တော့သည်။ ။

**အာကာမောင်မောင်**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၃-၉-၂၀၂၄(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

# ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံတော်သီချင်းသီဆိုယှဉ်ပြိုင်ပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ဒဂုံသီရိခန်းမ၌ မြန်မာနိုင်ငံတော်သီချင်းသီဆိုယှဉ်ပြိုင်ပွဲကို စက်တင်ဘာလ ၂၂ ရက်တွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ကျောက်တံတားခရိုင် ပညာရေးမှူးနှင့်တာဝန်ရှိသူများ၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာစန္ဒာမြင့်မြိမ်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ Grade -9 မှကျောင်းသား၊ ကျောင်းသူများက ထာဝရသစ္စာ တေးသီချင်းဖြင့်ဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် မြန်မာနိုင်ငံတော်သီချင်းကို အခြေခံပညာမူလတန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်တို့မှ ကျောင်းသား၊ ကျောင်းသူများက အဖွဲ့လိုက်သီဆိုယှဉ်ပြိုင်ကြရာ ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာရှင်များက အကဲဖြတ်ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့်အဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေအားလည်းကောင်း၊ ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ပေးကြသည့် ပညာရှင်များအား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကလည်းကောင်း ပါဝင်တီးခတ်ပေးကြသည့် တေးဂီတအဖွဲ့ကို ကျောင်းအုပ်ဆရာမကြီးကလည်းကောင်း ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ဆက်လက်ဆောင်ရွက်မည်

ရန်ကုန် စက်တင်ဘာ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ထိခိုက်လွယ်အုပ်စုများဌာနခွဲအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို မြို့နယ် ၁၀ မြို့နယ်၌ လျာထားဆောင်ရွက်လျက်ရှိရာ သြဂုတ်လကုန်အထိ မြို့နယ်ငါးမြို့နယ်၌ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်မြို့နယ်ငါးမြို့နယ်၌လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း သြဂုတ်လကုန်အထိ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့၌ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ပြီး ယခုဘဏ္ဍာနှစ်ကုန်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်ဖြစ်သော မရမ်းကုန်းမြို့နယ်၊ တာမွေမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ သန်လျင်မြို့နယ်နှင့် သာကေတမြို့နယ်တို့၌ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

"ဒီလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စစချင်းဘဏ္ဍာနှစ်မှာတော့ ကနဦးစီမံကိန်းအဖြစ် မြို့နယ်လေးမြို့နယ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြန်လည်ထူထောင်ရေးဦးစီးဌာန ထိခိုက်လွယ်အုပ်စုများဌာနခွဲ ညွှန်ကြားရေးမှူး ဦးစည်သူဂင်းကပြောသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းအဖြစ် နေပြည်တော်ကောင်စီနယ်မြေရှိ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ်ရှိ ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့၌ စတင်ဆောင်ရွက်ခဲ့သည်။

ထို့အတူ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း နောက်ထပ်မြို့နယ် ၁၀ မြို့နယ်ဖြစ်သော နေပြည်တော်ကောင်စီနယ်မြေရှိ ဥတ္တရသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အလုံမြို့နယ်၊ ဒဂုံမြို့နယ်၊ လသာမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ချမ်းမြသာစည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လက်ရှိဆောင်ရွက်ပြီးသော မြို့နယ်များမှ နောက်ထပ်လျှောက်ထားလိုသော မသန်စွမ်းသူများအနေဖြင့်လည်း ထပ်မံလျှောက်ထားနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# ဆေးလိပ်နှင့်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ် တို့လူငယ်ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကြံခင်း စက်တင်ဘာ ၂၂


ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ချင်းမြောင်)၌ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ပံ့ပိုးကူညီမှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ်တို့လူငယ် ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာလ ၂၁ ရက်က ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမင်းက ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းစည်းကမ်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၈၃ ဦးဝင်ရောက်ဖြေဆိုကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၁)၊ နှစ်သိမ့်ဆု(၂) ရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်နှင့် ဆရာ၊ ဆရာမတို့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**

# မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့်ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ



မအူပင် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြတ်ဆုမွန်၏ ပြောပြချက်အရ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်မှထွက်ရှိသည့် အရည်အသွေးကောင်း ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး စက်တင်ဘာလ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းနေခြင်းဖြစ်သည်။

"တခြားဒေသတွေကနေ တစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးကို ကြက်သွန်နီတင်ပို့တာနည်းပါတယ်။ ရှမ်းပြည်နယ်ကနေတော့ ကြက်သွန်နီပုံမှန်ဝင်ရောက်မှုရှိပါတယ်။ လက်ရှိမှာ ကြက်သွန်နီဈေးနှုန်းကလည်း သင့်တင့်တဲ့အနေအထားမှာရှိလို့ ဝယ်လိုအားများပြီး ပိသာချိန်တော်တော်များများ အရောင်းအဝယ်ဖြစ်နေပါတယ်''ဟု ဒေါ်မြတ်ဆုမွန်က ပြောသည်။

အဆိုပါကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေခြင်းနှင့် ကြက်သွန်နီပုံမှန် ဝင်ရောက်မှုရှိနေခြင်းကြောင့် ကြက်သွန်နီရောင်းဝယ်ရေး လုပ်ကိုင်သူများသာမက ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများပါ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ



တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့၊ စန္ဒိမာရာမ ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဓဇ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဓဇထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက်ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှအရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ဆွမ်းပဒေသာပင်အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီး ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်အား တပ်မတော်အရာရှိကြီးတစ်ဦးမှ ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇ္ဇောတကထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားအား ရုပ်သိမ်းသည်။

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာတို့အတွက် တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၀၄ သိန်း ၆ သောင်း ၉ ထောင်ကျပ်၊ ဆန် ၅၁၇ အိတ်၊ ဆီ ၁၅၅ ပိဿာ ၁၀ ကျပ်သား၊ ပဲ ၁၅၅၁ ပိဿာ၊ ဆား ၁၅၅၁ ပိဿာ၊ ဆေးမျိုးစုံ ၇၅၆ ဘူးတို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များသို့ APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန် ထောက်ပံ့ဖြန့်ဖြူးပေးသွားမည်



**နေပြည်တော် စက်တင်ဘာ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အာဆီယံ+၃ အရန်ဆန်သိုလှောင်ရုံအတွင်း အရန်ဆန်များ စနစ်တကျသိုလှောင်ထားရှိမှုနှင့်သိုလှောင်ရုံများကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန်ကို ယခုကြုံတွေ့ခဲ့ရသည့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထောက်ပံ့ဖြန့်ဖြူးပေးရေး ဆောင်ရွက်လျက်ရှိရာ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်၍ သက်ဆိုင်ရာဒေသများသို့ အမြန်ဆုံး တင်ပို့ဖြန့်ဖြူးပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီး၏ လယ်ယာကုန်ထုတ်လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာသားငါးထွက်ကုန်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီးအတွင်းရှိ ဆည်၊ တာတမံများ ကြံ့ခိုင်ရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ရွှေရောင်အနာဂတ်ဆီသို့ ကြည်ဖြူစွာလှမ်းကြစို့

ဘုန်းမောင်ဝင်း(ဖျာပုံ)




မြန်မာနိုင်ငံအတွင်း ရာဂိမုန်တိုင်းနဲ့ ဆက်စပ်ဖြစ်ပွားခဲ့တဲ့ ရေဘေးဒဏ်သင့်ဒေသများမှာ ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် စေတနာရှင်၊ အလှူရှင်တွေက အလှူငွေပေးအပ်ပွဲကို စက်တင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပြီး အလှူငွေများ လက်ခံကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါတယ်။ ဒီသတင်းကို ရုပ်မြင်သံကြားကနေ ထုတ်လွှင့်ပြသလိုက်တဲ့အခါမှာတော့ ရေဘေးဒဏ်သင့်ပြည်သူတွေအတွက် အလွန်ပဲကိုယ်ချင်းစာပြီး ဝမ်းသာပီတိဖြစ်မိပါတယ်။

အလှူရှင်တွေရဲ့မွန်မြတ်တဲ့စိတ်ထား၊ လူသားချင်းစာနာထောက်ထားမှုတွေနဲ့ ပေးလှူတာတွေကို မြင်ရတဲ့အခါ သြော်- ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အရေးအကြောင်းဆို ကူညီနိုင်သူတွေကကူညီကြပါလားဆိုတဲ့အတွေးနဲ့ ပီတိဖြစ်ရသလို နိုင်ငံတော်အကြီးအကဲနဲ့နိုင်ငံတော်အစိုးရရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကလည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနေတာမို့ ရေဘေးဒဏ်သင့်ပြည်သူတွေ မကြာခင်မှာ အခြေတကျနဲ့အနေလှလှနေရတော့မှာပါလားလို့ တွေးမိပါတယ်။ ဒီကနေ့(စက်တင်ဘာလ ၂၁ ရက်) နေပြည်တော်မြို့တော်ခန်းမမှာ ကျင်းပပြုလုပ်တဲ့ အလှူငွေပေးအပ်လှူဒါန်းပွဲမှာ ငွေကျပ်သန်းပေါင်း ၃၂၂၃၀(ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ)ကျော် လက်ခံရရှိခဲ့တယ်လို့ သိရှိရပါတယ်။

စိတ်စေတနာ သဒ္ဓါထက်သန်စွာနဲ့ လှူဒါန်းကြတဲ့လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းတွေကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ရာမှာတော့ **"ဒီနေ့လှူဒါန်းတဲ့ဟာက နိုင်ငံရဲ့ဝန်တစ်ခုကို တစ်စိတ်တစ်ပိုင်းတာဝန်ယူပေးလိုက်တာလည်း ဖြစ်ပါတယ်၊ ကျွန်တော်မှတ်ထားပါမယ်၊ ဒီဟာနဲ့ပတ်သက်ပြီးတော့ မှတ်ထားပါမယ်၊ ကျွန်တော်တကယ်မျှော်လင့်တုန်းက သုံးလေးဘီလီယံလောက်ပဲ မျှော်လင့်ပါတယ်၊ ထပ်လောင်းပြောရလို့ရှိရင် သဒ္ဓါတရားထက်သန်စွာနဲ့ ဒီနေ့ငွေတွေလာလှူပေးကြတဲ့ အလှူရှင်များ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးကိုထပ်လောင်းပြီးတော့ ကျေးဇူးတင်ကြောင်း ထပ်လောင်းပြီးပြောပါရစေ၊ နောင်မှာလည်း တိုင်းပြည်ရဲ့လိုအပ်ချက်တွေရှိလာတဲ့အခါမှာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးဖို့အတွက်လည်း ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်"** ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါတယ်။

လူတိုင်းက မိမိတို့နေထိုင်ကြတဲ့ ပတ်ဝန်းကျင်မှာ အကောင်းဆုံးတွေဖြစ်လာဖို့မျှော်လင့်နေသလို အဆိုးဆုံးတွေကြုံလာရင်လည်း ရင်ဆိုင်ကြရမှာဖြစ်ပါတယ်။ လူ့သဘာဝကိုက အဆိုးနဲ့အကောင်းဒွန်တွဲနေတာဖြစ်လို့ အဆိုးတွေကွယ်ပျောက်သွားရင်တော့ အကောင်းတွေရောက်လာတော့မှာ အမှန်ပါပဲ။ အခုရက်များအတွင်း မြန်မာနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှု၊ မြေပြိုမှုတွေဟာမျှော်လင့်မထားဘဲဖြစ်လာတဲ့ သဘာဝဘေးအန္တရာယ်တွေပါပဲ။ မျှော်လင့်မထားဘူးဆိုတာက ဒီလောက်အထိဖြစ်လာလိမ့်မယ်လို့ ထင်မှတ်မထားတာကို ပြောလိုခြင်းပါ။

အခုဖြစ်ပေါ်ခဲ့တဲ့မုန်တိုင်းဟာ အလွန်အင်အားပြင်းထန်တဲ့မုန်တိုင်းတစ်ခုဖြစ်ပြီး ထိခိုက်ပျက်စီးမှုတွေလည်း အလွန်များပြားခဲ့ပါတယ်။ တိုင်ဖွန်းမုန်တိုင်းရာဂိဟာ ဟိုင်နန်ကျွန်းကိုဖြတ်ကျော်ချိန်မှာပြင်းထန်ခဲ့ပါတယ်။ နောက်ဗီယက်နမ်နိုင်ငံကိုဖြတ်ကျော်ပါတယ်။ ဗီယက်နမ်မှာလည်း ပြင်းထန်ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံမှာ မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာမှာ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်းမှာပုံမှန်မိုးရွာသွန်းလေ့ရှိပါတယ်။ အခုအခါမှာတော့ ပုံမှန်မိုးရွာသွန်းမှုမဟုတ်ဘဲ မိုးသည်းထန်စွာရွာသွန်းပါတယ်။ တောင်ကျရေတွေစီးဆင်းပါတယ်။ ချောင်းရေတွေမြင့်တက်လာလို့ ရပ်ကွက်တွေထဲကို ရေတွေဝင်လာပါတယ်။ နေပြည်တော်ပတ်ဝန်းကျင်မှာ စက်တင်ဘာလ ၈ ရက်နေ့က နေရာကျဲကျဲ၊ စက်တင်ဘာလ ၉ ရက်နေ့က နေရာစိပ်စိပ်နဲ့ စက်တင်ဘာလ ၁၀ ရက်နဲ့ ၁၁ ရက်နေ့တွေမှာတော့ နေရာအနှံ့အပြားမိုးအဆက်မပြတ်ရွာသွန်းခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီအရှိန်တွေကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်အချို့ရှိမြို့နယ်အချို့မှာ မိုးသည်းထန်စွာရွာသွန်းမှုတွေ ဖြစ်ခဲ့ပါတယ်။ တောင်ကုန်း တောင်တန်းတွေပေါ်မှ တောင်ကျချောင်းရေတွေအရှိန်အဟုန်နဲ့ စီးဆင်းခဲ့ပြီး စီးဆင်းရာလမ်းကြောင်းတစ်လျှောက်ထိခိုက်ပျက်စီးမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ အခုကြုံတွေ့ခဲ့ရတဲ့ဒေသတွေမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ အတွင်း ယခုလို ဆိုးရွားတဲ့အခြေအနေမကြုံတွေ့ခဲ့ပါတယ်။ လူဦးရေ ၁၄၈၆၄၃ ဦးရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦးသေဆုံးခဲ့ကြောင်း သိရှိရပါတယ်။ ဘာသာရေးနဲ့ပတ်သက်တဲ့ ကျောင်း ၄၃၅ ကျောင်း၊ လမ်းတံတား ၅၃၃ ခု ရေမျောပျက်စီးခဲ့ပါတယ်။ လျှပ်စစ်မီးတိုင် ၂၄၈၉ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၉၉ ခု၊ တိရစ္ဆာန်သေဆုံးမှု ၁၄၄၉၉၈ ကောင်၊ စပါးစိုက်ဧက ၇၃၅၄၆၁ ဧက ပျက်စီးခဲ့ပါတယ်။

ဒီလိုမျိုးအခက်အခဲတွေ ဖြစ်နေတဲ့အချိန်မှာ ယခုလိုမျိုး အလှူငွေများစွာ ထည့်ဝင်ခဲ့တာဟာ ပြည်သူတွေအတွက် ဝမ်းသာကြည်နူးဖွယ်ဖြစ်ရသလို ရေဘေးသင့်သူတွေအတွက်လည်း စိတ်ခွန်အားဖြစ်စေပါတယ်။ သူတို့ရဲ့အနာဂတ်ခရီးဖြောင့်တန်းဖို့ စိတ်ချမ်းသာကိုယ်ကျန်းမာနဲ့ မိမိတို့ရဲ့လူမှုစီးပွားဘဝကိုဖြတ်ကျော်ဖို့ အလှူရှင်၊ စေတနာရှင်တွေရဲ့လှူဒါန်းပံ့ပိုးမှုတွေဟာ များစွာပဲအထောက်အကူဖြစ်မှာပါ။ ဖြစ်လည်းဖြစ်ပါတယ်။ မြန်မာလူမျိုးတွေရဲ့လှူချင်၊ တန်းချင်တဲ့စိတ်တွေကြောင့် စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းနေကြတာဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူတွေအနေနဲ့ ရေတွေ ရုတ်တရက် ဝင်ရောက်စီးဆင်းလာတာခဲ့ဖူးကြောင်းသိရှိရပါတယ်။ ညအချိန်မိုးရွာသွန်းမှုများပြီး ရုတ်တရက်တောင်ကျရေတွေ အလုံးအရင်းနဲ့ စီးဆင်းလာခဲ့တာဖြစ်လို့ ထိခိုက်မှုများပြားခဲ့ရခြင်းဖြစ်ပါတယ်။ ဒါဟာထင်မှတ်မထားဘဲဖြစ်လာတဲ့အခြေအနေတွေပါပဲ။

မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နဲ့တိုင်းဒေသကြီး ၉ ခုရှိမြို့နယ် ၅၄ မြို့နယ်မှာ ရေကြီးရေလျှံမှုဖြစ်ခဲ့ပါတယ်။ စက်တင်ဘာလ ၂၁ ရက်နေ့အထိ ရရှိတဲ့စာရင်းတွေအရ လုံးဝပျက်စီးသွားတဲ့အဆောက်အအုံပေါင်း ၂၁၄၉ လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့တဲ့အဆောက်အအုံပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့တဲ့အဆောက်အအုံပေါင်း ၁၃၆၀၂၃ လုံး စုစုပေါင်း ၁၄၁၆၂၇ လုံးနဲ့ စာသင်ကျောင်းပေါင်း ၅၄၆ ကျောင်း ရေဝင်နစ်မြုပ်ပျက်စီးဖြစ်လို့ ရရာပစ္စည်းတွေကိုသာယူဆောင်လာရတဲ့အတွက် အခက်အခဲများစွာရှိနေပါတယ်။

ယခုမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ဟာ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့သင်ခန်းစာတစ်ခုဖြစ်ပါတယ်။ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့တွေ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နဲ့ တိုင်းစစ်ဌာနချုပ်တွေ၊ ပရဟိတအသင်းအဖွဲ့တွေအားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြလို့သာ ပြည်သူတွေဘေးလွတ်ရာကို အချိန်မီရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကူညီကယ်ဆယ်ပေးကြသူအပေါင်းရဲ့ဆောင်ရွက်ချက်ကြောင့် ရေဘေးသင့်ပြည်သူတွေ အသက်အန္တရာယ်ကနေ ကင်းလွတ်ခဲ့တာဖြစ်ပါတယ်။




နိုင်ငံတော်အကြီးအကဲအနေနဲ့ ကူညီကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ၎င်းတို့ရဲ့နေရပ်များမှာ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေးဆောင်ရွက်ပေးဖို့၊ ကူညီကယ်ဆယ်ရေးနဲ့ပတ်သက်လို့ ပျက်စီးမှုအနည်းအများအလိုက်ဦးစားပေးအဆင့်သတ်မှတ်ပြီး အမြန်ဆုံးပြီးစီးရန်နဲ့ အချိန်အကြာဆုံး ၆ လတာကာလအတွင်းပြီးစီးစေရေး ဆောင်ရွက်ဖို့၊ ပိတ်ထားရတဲ့ကျောင်းတွေ အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေး၊ ဖွင့်လှစ်ချိန်မှာ သင်ခန်းစာများ လစ်ဟင်းမှုမရှိစေရေး အချိန်ပိုသင်ကြားပေးဖို့၊ ကျောင်းပိတ်ရက် အလွန်များနေမယ်ဆိုပါက နွေရာသီတွင် ပြန်လည်သင်ကြားပေးနိုင်ဖို့စတဲ့အချက်တွေလုပ်ဆောင်ဖို့ညွှန်ကြားထားပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက်ငွေကျပ်ဘီလီယံ ၃၀ သုံးစွဲရန် လျာထားပါတယ်။ အခုလှူဒါန်းတဲ့ စေတနာရှင်၊ အလှူရှင်တွေရဲ့ **စာမျက်နှာ ၁၃ သို့** ○

❍ စာမျက်နှာ ၁၂ မှအဆက်

အလှူငွေများဖြင့်လည်း ရေဘေးသင့်ပြည်သူတွေရဲ့ အနာဂတ်ရွှေရောင်ကဲ့သို့ လင်းလက်တောက်ပအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့လည်း ရေဘေးသင့်ဒေသများရှိ ပိတ်ထားရတဲ့ စာသင်ကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ကိုလည်း နိုင်ငံတော်အကြီးအကဲအနေဖြင့် စီမံဆောင်ရွက်နေပါတယ်။

ကျောင်းသားများအားလုံး အတန်းနဲ့လျော်ညီတဲ့စာတတ်မြောက်ရေး ဆောင်ရွက်ပေးရမှာဖြစ်လို့ကျောင်းနဲ့ပတ်သက်၍ ကူညီဆောင်ရွက်လိုပါက ကူညီဆောင်ရွက်နိုင်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့ ထိခိုက်ပျက်စီးခဲ့တဲ့အဆောက်အအုံတွေကို နိုင်ငံတော်အစိုးရမှအမြန်ဆုံးပြင်ဆင်တည်ဆောက်ပေးနိုင်ရေးဆောင်ရွက်နေပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေလိုအပ်တဲ့စာအုပ်တွေနဲ့စာရေးကိရိယာတွေကိုလည်းလှူဒါန်းနိုင်ပါတယ်။ စုပေါင်းအားနဲ့ကျော်လွှားရမှာဖြစ်လို့ ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်လှူဒါန်းတဲ့ အလှူရှင်များအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာလှူဒါန်းနေကြတဲ့ အလှူရှင်တွေကိုလည်း နိုင်ငံတော်အစိုးရနဲ့ ပြည်သူတစ်ရပ်လုံးက ကျေးဇူးတင်လျက်ရှိပါတယ်။

ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ အနာဂတ်မှာ ဒီလိုအဖြစ်မျိုးမကြုံတွေ့ရအောင် အသိတရားနဲ့သတိထားလုပ်ဆောင်ကြရတော့မှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတွေ အခုလိုမျိုး ရေဘေးသင့်ဒုက္ခနဲ့ ကြုံတွေ့ရတာကို ဘယ်သူကမှ စိတ်မချမ်းသာပါဘူး။ ဒါ့ကြောင့်ရေဘေးကယ်ဆယ်ရေးလှူဒါန်းမှုတွေနေ့စဉ်နဲ့အမျှ လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ ရေဘေးမှာ သက်စွန့်ဆံဖျားသွားရောက် ကယ်ဆယ်ခဲ့ကြတဲ့၊ ကယ်ဆယ်နေဆဲဖြစ်တဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေ၊ စေတနာရှင်တွေဟာလည်း တကယ့်ကို လေးစားဂုဏ်ယူထိုက်ပါတယ်။ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရင်း အသက်ဆုံးရှုံးခဲ့သူတွေအတွက်လည်း လွန်စွာဝမ်းနည်းမိပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့လည်း ရေဘေးသင့်ဒေသတွေ၊ နေရာတွေကို အချိန်နဲ့တစ်ပြေးညီ သွားရောက်ပြီး လိုအပ်တာတွေ ဖြည့်ဆည်းပေးနေတာတွေ တွေ့မြင်နေရပါတယ်။ စက်တင်ဘာလ ၁၈ ရက်နေ့မှာဆိုရင် မနက်ပိုင်းမှာ တပ်ကုန်းမြို့နယ်ကိုသွားတယ်။ အဲဒီကအပြန်မှာ ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းကိုသွားပါတယ်။ ရေဘေးရှောင်ပြည်သူတွေကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနဲ့စားသောက်ဖွယ်ရာပစ္စည်းတွေပေးခဲ့ပါတယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လာရောက်အားပေးတာမို့ ပြည်သူတွေအနေနဲ့ အားရဝမ်းသာဖြစ်နေကြပါတယ်။ အဲဒီတွေ့ဆုံပွဲမှာ နိုင်ငံတော်အကြီးအကဲရဲ့ ရင်ထဲကစကားသံကိုလည်း ပြည်သူတွေကြားသိပြီးဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးခဲ့တဲ့နေရာတွေကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် နိုင်ငံတော်က ဦးဆောင်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိရေဘေးရှောင်ပြည်သူတွေကို တွေ့ဆုံအားပေးစကားပြောကြားရာမှာတော့ **“သဘာဝဘေးအန္တရာယ်ဆိုတာက ရှောင်ရှားလို့မရဘူးပေါ့ဗျာ၊ တကယ်တော့ စိတ်မကောင်းဘူးပေါ့လေ၊ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုဆိုတဲ့ဟာထဲမှာလည်း ခင်ဗျားတို့ရဲ့ပိုင်ဆိုင်မှုများပါသလို၊ နိုင်ငံတော်က တည်ဆောက်ထားတဲ့ လမ်းတို့၊ တံတားတို့ အဆောက်အဦတွေ၊ စက်ရုံအလုပ်ရုံတွေ၊ လျှပ်စစ်ဓာတ်ပေးဝေရေးလုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဒါတွေလည်း နိုင်ငံတော်ရဲ့ ဆုံးရှုံးသွားတာပဲ၊ ခင်ဗျားတို့လည်း ခင်ဗျားတို့ပိုင်ဆိုင်မှုတွေ ဆုံးရှုံးသွားတာပဲ၊ ခုနက ကျွန်တော်မေးတယ်၊ ဘာတွေရခဲ့လဲဆိုတော့ အဝတ်တစ်ထည်ကိုယ်တစ်ခုတည်းလို့ ဖြေတဲ့သူလည်းပါတယ်၊ တချို့လည်းရတဲ့ဟာတွေ ကောက်ဆွဲလာရတာတွေပါတယ်၊ တချို့လည်း နောက်ဆုံးတော့ သွားနေကျဈေးခြင်းလေးပါလာတယ်၊ ဘာပစ္စည်းမှမပါဘူး၊ လူကအဲ့အချိန်မှာ ထူပူနေကြပြီကိုး၊ ဆွဲမိဆွဲရာဆွဲလာတာပေါ့၊ တော်သေးတယ်၊ ကလေးတွေပါလာလို့၊ ကျွန်တော်တို့ ဟိုဘက်မှာဆို ကလေးတွေပါသွားတာရှိပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ အတတ်နိုင်ဆုံးခင်ဗျားတို့ မူလအခြေအနေအတိုင်းဖြစ်အောင်တော့ ကျွန်တော်တို့ ကူညီပေးပါမယ်”**လို့ နိုင်ငံတော်အကြီးအကဲက အားပေးစကားပြောကြားခဲ့ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ သေဆုံးမှုအတွက်လည်း ထောက်ပံ့ငွေပေးနေပါတယ်။ နောက်ဒဏ်ရာရတဲ့သူတွေကို နောက်တစ်ခါ ဆေးကုသမှုအတွက် ထောက်ပံ့ကြေးတွေပေးသလို ပျက်စီးသွားတဲ့ အဆောက်အအုံတွေအတွက်လည်း ထောက်ပံ့ပေးဖို့တွက်ချက်လျက်ရှိပါတယ်။ လုံးဝပျက်သွားတဲ့အိမ်ဆိုရင် ဘယ်လိုပေးမယ်၊ ရိုးရိုးအိမ်ဆိုရင် ဘယ်လောက်ပေးမယ်၊ တစ်ထပ်အိမ်ဆိုရင်ဘယ်လောက်ပေးမယ်၊ နှစ်ထပ်အိမ်ဆိုရင်ဘယ်လောက်ပေးမယ်ဆိုတဲ့အစီအစဉ်တွေလည်း ရှိထားပြီးဖြစ်ပါတယ်။ နိုင်ငံတော်ကဆောင်ရွက်ပေးမယ့် အစီအမံတွေအတွက်ရေဘေးသင့်ပြည်သူတွေ ဝမ်းသာနေကြပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ အားပေးစကားက ပြည်သူတွေကို အားတက်စေပါတယ်။ ယခု(စက်တင်ဘာလ ၂၁ ရက်နေ့) အလှူငွေပေးအပ်ပွဲကလည်း ရေဘေးသင့်ပြည်သူတွေဘဝကို မြင့်မားစေမှာဖြစ်ပါတယ်။နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသွားသူတွေကို တစ်ဦးလျှင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်၅ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှငွေကျပ် ၃ သိန်း စုစုပေါင်းငွေကျပ် ၈ သိန်းကို ကျန်ရစ်သူမိသားစုတွေထံ ထောက်ပံ့ပေးအပ်နေပါတယ်။ ထို့ပြင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များကလည်း သီးခြားထပ်ဆောင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထုတ်ပြန်ထားပါတယ်။ ထိုသို့ထိခိုက်ဒဏ်ရာရခံစားခဲ့ရမှုအခြေအနေနဲ့ အိုးအိမ်ပျက်စီးဆုံးရှုံးမှုအခြေအနေတွေအပေါ်မူတည်ပြီး နိုင်ငံတော်အစိုးရက လိုအပ်တဲ့ထောက်ပံ့ကူညီမှုတွေ ဆက်လက်လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။

ကူညီကယ်ဆယ်ရေးတွေအနေနဲ့ နယ်မြေခံတပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ ပရဟိတအသင်းအဖွဲ့တွေက ကူညီကယ်ဆယ်ရေးတွေ၊ လှူဒါန်းမှုတွေ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုတွေနဲ့ စေတနာရှင်ပြည်သူတွေကလည်း စဉ်ဆက်မပြတ်လှူဒါန်းမှုတွေ ပြုလုပ်နေဆဲဖြစ်ပါတယ်။ ရေဘေးရှောင်ပြည်သူတွေအတွက် ကျောက်မျက်ကုမ္ပဏီတွေ၊ စိန်ရွှေရတနာဆိုင်တွေ၊ ဘဏ်တွေ၊ တစ်သီးပုဂ္ဂလအလှူရှင်တွေ၊ အသင်းအဖွဲ့အလိုက်အလှူရှင်တွေကလည်း အားတက်သရောလှူဒါန်းမှုတွေ ပြုနေကြပါတယ်။ တိုင်းစစ်ဌာနတွေအလိုက် နယ်မြေခံတပ်မတော်သားများနဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေကလည်း စားသောက်ဖွယ်ရာတွေလှူဒါန်းမှုတွေ မြင်တွေ့နေရပါတယ်။ ရေတွေပြန်လည်ကျဆင်းသွားတဲ့အချိန်မှာလည်း တပ်မတော်သားတွေအနေနဲ့ လမ်းတွေ၊ အဆောက်အအုံတွေမှာ တင်ကျန်ခဲ့တဲ့နုန်းနဲ့အမှိုက်တွေ ရှင်းလင်းခြင်းတွေဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရေဘေးသင့် ပြည်သူတွေအတွက် ပြည်တွင်းကအလှူရှင်တွေက စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းမှုပြုနေကြတဲ့သတင်းတွေဟာ အားရဖွယ်ကောင်းလှပါတယ်။ ဩော်-တို့မြန်မာတွေဟာ သဒ္ဓါမချို့တဲ့သူတွေပါလားလို့ တွေးမြင်ပြီး လှူဒါန်းမှုအစုစုအတွက် သာဓုခေါ်ဆိုမိပါတယ်။ အခုဆိုရင် ပြည်တွင်းသာမက ပြည်ပကအလှူရှင်တွေလည်း စတင်လို့လာရောက်လှူဒါန်းနေကြပါပြီ။ မြန်မာနိုင်ငံရေဘေးဒဏ်သင့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရမှပေးပို့သည့် အကူအညီပစ္စည်းများနဲ့အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလူသားချင်းစာနာမှုအကူအညီပေးရေးညှိနှိုင်းမှုဌာန (AHA Centre)က ပေးပို့တဲ့ အကူအညီပစ္စည်းတွေကို စက်တင်ဘာလ ၁၇ ရက်နေ့မှာ လက်ခံရရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရေဘေးဒဏ်သင့်ပြည်သူတွေအတွက် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး“မူ”နဲ့ ဆောင်ရွက်လျက်ရှိတာမို့ ကူညီကယ်ဆယ်ပေးသူများ၊ လှူဒါန်းမှုပြုသူများအားလုံးအတွက် ကြည်နူးပီတိဝမ်းသာဂုဏ်ပြုမှုဖြစ်ရပါတယ်။ ဘယ်လိုအခြေအနေမျိုးမှာဖြစ်နေပါစေ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့တပ်မတော်အနေနဲ့ကတော့ ရေဘေးသင့်ပြည်သူတွေရဲ့ အနာဂတ်ကို အကောင်းဆုံးဖန်တီးပုံဖော်ပေးလျက်ရှိပါတယ်။ မကြာမီအချိန်ကာလအတွင်းမှာတော့ ရေဘေးသင့်ဒေသနဲ့ ပြည်သူတွေရဲ့အနာဂတ်ဟာအကောင်းဆုံးဖြစ်လာတော့မှာပါ။ ဒါ့ကြောင့်မို့ **ရွှေရောင်အနာဂတ်ဆီသို့ ကြည်ဖြူစွာလှမ်းကြစို့**လို့ တိုက်တွန်းအားပေးလိုက်ပါတယ်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဇော်ဂျီမြစ်ပေါ်ရှိ မြို့ကြီးရေလှောင်တမံနှင့် ရေလွှဲဆည်၊ ရေထိန်းဆည်များ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် စက်တင်ဘာလ ၂၀ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံသို့သွားရောက်ပြီး ရာဂီမုန်တိုင်း အကြွင်းအကျန် လေပွေလှိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပိုလွှဲမှ ရေကျော်ကျခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြို့ကြီးရေလွှဲဆည်၏ အောက်ပိုင်းတူးမြောင်းပေါင် ကာကွယ်ထားသည့် ကျောက်ကြီးစီလိုင်နင် ရေတိုက်စားခဲ့မှုအခြေအနေကိုလည်းကောင်း၊ တူးမြောင်းအတွင်း ရေကျော်ကျစီးဆင်းမှု မဖြစ်ပေါ်စေရေးအတွက် ရေလွှဲဆည်၏လိုအပ်သည့် ရေကာနံရံအမြင့် ဆောင်ရွက်နိုင်ရေးနှင့် ရေတံခါး၊ ရေလွှဲဆည် ကြံ့ခိုင်မှုအခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင်း ဇော်ဂျီမြစ်ပေါ်တွင်တည်ရှိသည့် မင်းရဲရေလွှဲဆည် ကြံ့ခိုင်မှုနှင့် ရေဖြတ်သန်းစီးဆင်းနေမှုအခြေအနေများကိုလည်းကောင်း၊ ဇီးတောရေလွှဲဆည်၏ ရေတံခါးကြံ့ခိုင်မှု အခြေအနေများနှင့် ဇော်ဂျီရေထိန်းဆည် ရေဝင်ရောက်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာလ ၂၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် စိုက်ပျိုးမြေများတွင် ရာသီချိန်အမီစိုက်ပျိုးနိုင်ရေး၊ ပျက်စီးမှုမရှိသည့် မိုးစပါးစိုက်ပျိုးဧကများ စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် နွေစပါးစိုက်ဧက တိုးချဲ့နိုင်ရေးအတွက် ရေပိုမိုသိုလှောင်ထားရှိရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြစ်သားမြို့အနီး ပန်းလောင်မြစ်ပေါ်တွင်တည်ရှိသည့် စမာရေလွှဲဆည်အနီး ရေတိုက်စားမှုကြောင့် မြေသားဖြင့် ကာကွယ်ထားသည့် ရေတားတာပေါင် ပြုပြင်ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဗဟို)

# ကလောမြို့ပေါ်ရှိ မီးသုံးသူ ၈၅ ရာခိုင်နှုန်းကို ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်



နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၌ ရေတိုက်စားမှုကြောင့် ယိုင်လဲပျက်စီးသွားခဲ့သည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ရေကြီးရေလျှံမှုများကြောင့် ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများပျက်စီးဆုံးရှုံးမှုနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ယာယီဓာတ်အားဖြတ်တောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့၌ ရေကြီးရေလျှံမှုများကြောင့် ယိုင်လဲပျက်စီးသွားခဲ့သည့် မဟာဓာတ်အားလိုင်းများအား ဌာနမှ အင်ဂျင်နီယာများ ဦးဆောင်ကာ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်သို့ရောက်ရှိရာ နမ့်ပန်တက်ဓာတ်အားခွဲရုံသို့ သွယ်တန်းထားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ ရေတိုက်စားပြီးယိုင်လဲပျက်စီးခဲ့မှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ယခုဖြစ်စဉ်အား သင်ခန်းစာယူ၍ နောင်သဘာဝဘေးများဖြစ်ပေါ်လာခဲ့ပါက ဓာတ်အားလိုင်းများ မပျက်စီးနိုင်ရေး လိုင်းအူကြောင်းများ ရှာဖွေရွှေ့ပြောင်းတည်ဆောက်ရန် လိုအပ်ကြောင်း၊ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများအား စနစ်တကျမှတ်တမ်းရေးသွင်းထားရှိရန်နှင့် ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများအား စနစ်တကျ ပြန်လည်တပ်ဆင် အသုံးပြုသွားရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ကြရန်မှာကြားကာ လုပ်ငန်းများဆောင်ရွက်နေကြသည့် ဌာနမှဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့အတူ ဒုတိယဝန်ကြီးသည် ကလောမြို့ပေါ်ရပ်ကွက်များသို့ ရောက်ရောက်၍ ယာယီဓာတ်အား ဖြတ်တောက်ထားရှိမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားလွှတ်ပစ္စည်းများပျက်စီးခဲ့မှုနှင့် ပြန်လည်အစားထိုးပြုပြင်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ကလောမြို့နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ၃၃ ကေဗွီ ရေပေါင်းစုံ-ပြည်ညောင်-နမ့်ပန်တက် ဓာတ်အားလိုင်း ၅ မိုင်ခန့်၊ ၁၁ ကေဗွီလိုင်း ၁ ဒသမ ၃ မိုင်ခန့်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း သုည ဒသမ ၈၅ မိုင်ခန့် ယိုင်လဲပျက်စီးခဲ့ပြီး ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၀ လုံးခန့်နှင့် ၄၀၀ ဗို့ Panel ခုနစ်လုံးခန့် ရေနစ်မြုပ်ခြင်းများဖြစ်ပေါ်ခဲ့၍ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကို ဌာနမှကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၂၁ ရက်မှစ၍ ကလောမြို့ပေါ်ရှိမီးသုံးသူ ၈၅ ရာခိုင်နှုန်းကို ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ (ဗဟို)



❖ **ကျောဖုံးမှအဆက်**

ယင်းပြိုင်ပွဲတွင်မြန်မာ့ထိပ်တန်းလက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့်ကျော်စွာဝင်းတို့ အလဲထိုးစနစ်ဖြင့် (၇)ချီယှဉ်ပြိုင်ထိုးသတ်ကြရာ ထွန်းထွန်းမင်းက ရှုံးပွဲမရှိစံချိန်တင်ထားသည့် လက်ဝှေ့ကျော် ကျော်စွာဝင်းကို အလဲထိုးအနိုင်ယူခဲ့ကြောင်း သိရသည်။

ထွန်းထွန်းမင်းသည်၁၀၅ပွဲကစားထားပြီး ၇၈ ပွဲနိုင်၊ ၂၅ ပွဲသရေနှင့် ရှုံးပွဲနှစ်ပွဲ မှတ်တမ်းရှိသူဖြစ်သည်။ ကျော်စွာဝင်းသည် ၉၄ ပွဲကစားထားပြီး ၅၄ ပွဲနိုင်၊ ပွဲ ၄၀ သရေကျပြီး ရှုံးပွဲမရှိသူဖြစ်သည်။ သူတို့နှစ်ဦးပြိုင်ပွဲ၏ ပထမအချီတွင် ထွန်းထွန်းမင်းက ထိန်းကစားသော်လည်း ကျော်စွာဝင်းက တိုက်စစ်ဖွင့်ကာ အတင်းဝင် အတင်းထွက် တရစပ်လိုက်ထိုးသည်။ သမ္မာရင့်ကစားသမားထွန်းထွန်းမင်းက ရှောင်တိမ်းရင်း အကောင်းဆုံးကောင်တာဖြင့် ထိချက်မှန်အောင်ထိုးသတ်ခဲ့သည်။ ဒုတိယအချီ ၁ မိနစ် ၂၃ စက္ကန့်တွင် ထွန်းထွန်းမင်း၏ ဘယ်ခြေအမြင့်ကန်ချက်ထိမှန်ပြီး ကျော်စွာဝင်းပြုတ်ကျကာ အနားတောင်းခဲ့ရသည်။ ဒုတိယအချီဆက်လက်ယှဉ်ပြိုင်ရာတွင် ကျော်စွာဝင်းက စိတ်လောပြီးလိုက်ထိုးသော်လည်း ထိချက်မမှန်ဘဲ ထွန်းထွန်းမင်း၏ ထောက်လက်သီး၊ တံတောင်ရိုက်ချက်၊ ခေါင်းတိုက်ချက်များခံခဲ့ရသည်။ တတိယအချီတွင်လည်း ထွန်းထွန်းမင်း၏လက်သီးတွဲလုံးများ၊ ခြေကန်ချက်များ၊ ဒူးတိုက်ချက်များကို ကျော်စွာဝင်းခံခဲ့ရသည်။ စတုတ္ထအချီ ၅၇ စက္ကန့်အရောက်တွင် ထွန်းထွန်းမင်း၏ ဘယ်ခြေအမြင့်ကန်ချက်ထပ်ထိပြီး ကျော်စွာဝင်းပြုတ်ကျကာ ဆက်လက်မယှဉ်ပြိုင်နိုင်တော့သည့်အတွက် ထွန်းထွန်းမင်းက အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

အခြားပွဲစဉ်များဖြစ်သည့် ၈၀ ကီလိုတန်း (၅)ချီပြိုင်ပွဲတွင် ရာမာန်နှင့်အောင်ခိုင်၊ ၆၅ ကီလိုတန်း (၅)ချီပြိုင်ပွဲတွင် စိန်လုံးချောနှင့် စူပါရေချမ်း၊ (၄)ချီပွဲစဉ်များဖြစ်သည့် ၆၄ ကီလိုတန်းပြိုင်ပွဲတွင် စောဘဟိန်းနှင့် မြလုံးချော၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ဆလိုင်းထန်ခွီးရှိန်နှင့် မောင်ဇော်၊ ၆၃ ကီလိုတန်းပြိုင်ပွဲတွင် အောင်ထက်ကျော်နှင့် အောင်ကိုလတ်တို့ သူတင်ကိုယ်တင်ဆိုင်ထိုးတည်ထိုး ပရိသတ်အကြိုက် ထိုးသတ်ခဲ့ကြသော်လည်း နောက်ဆုံးတွင် ပူးတွဲသရေပွဲများသာဖြစ်ခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲအား ၂၀၁၆ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး ယင်းပြိုင်ပွဲသည် လက်ဝှေ့အကျော်အမော်များသာ ထိုးသတ်သည့်ပွဲဖြစ်၍ ပရိသတ်စိတ်ဝင်စားပြီး ကြည့်ရှုသူလည်း အထူးများပြားသည်။ ယနေ့ပြိုင်ပွဲသို့ ပြည်တွင်းမှရိုးရာလက်ဝှေ့ချစ်ပရိသတ်များအပြင် နိုင်ငံခြားသားများပါ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

# ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည်ညွှန်ကြားရေးမှူးချုပ်များ၊သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့်ကျေးရွာများသို့ သွားရောက်အားပေးပြီး ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတိုက်စားပျက်စီးခဲ့သော လယ်ဝေးမြို့နယ် နေပြည်တော်မြို့ရှောင်လမ်းမကြီးမှ ကွမ်းခြံကျေးရွာဆက်သွယ်သောလမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအမြန်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ပြန်လည်ပြုပြင်ဆောင်ရွက်မည့်အစီအမံများကို အမြန်ဆုံးတင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် တောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာန ဦးစီးမှူးက မိုးစပါးနှင့် မိုးနေကြာစိုက်ခင်းများ ရေကြီးနစ်မြုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်ရေပေးရေးလုပ်ငန်း ပျက်စီးမှုများကို သဘာဝဘေးအလွန်ကာလတွင် အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာရှိ နေကြာစိုက် အသင်းသားတောင်သူထံ ရေဆင်းမျိုး-၁ နေကြာမျိုးစေ့များပေးအပ်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာရှိ စက်ရေတွင်းများအား တွင်းဆေးတွင်းမှုတ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ်ဇောင်ချမ်းကုန်းကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာတောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဇောင်ချမ်းကုန်းကျေးရွာရှိနေကြာစိုက်အသင်းသားတောင်သူ ၅၀ အတွက် တီဘီအယ်(လ်)ကုမ္ပဏီမှ ထုတ်လုပ်သောဆူရာကီရန် နေကြာမျိုးစေ့များနှင့် ရှုရှားသဘာဝမြေဩဇာအားဖြည့်ဆေးရည်များ ပေးအပ်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# “ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးခြင်းလုပ်ငန်းစတင်ဆောင်ရွက်ခြင်း” အခမ်းအနားကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၂

“ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း” အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ (NITAG) အဖွဲ့ဝင်များ၊ UNICEF WHO IFRC MSF (Switzerland နှင့် Holland)၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းသည် အခြားရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အတူ ထိရောက်သောရောဂါကာကွယ်ထိန်းချုပ်တုံ့ပြန်ရေးလုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှတစ်ဆင့် International Coordinating Group ထံအဆိုပြုလွှာတင်သွင်းခဲ့ရာ အမေရိကန်ဒေါ်လာ ၄ သန်းကျော် တန်ဖိုးရှိ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး ၂၄၅၁၈၆၇ doses ကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက်က လက်ခံရရှိပြီးဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများသောမြို့နယ် ၁၅ မြို့နယ်မှ ရောဂါဖြစ်ပွားနိုင်ခြေရှိသောနေရာများတွင် နေထိုင်လျက်ရှိသည့် အသက်တစ်နှစ်အထက် ပြည်သူလူထုအား တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအပြင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနိုင်ခြေရှိသည့် အခြားတိုင်းဒေသကြီး ပြည်နယ်များရှိ ပြည်သူလူထုအား တိုက်ကျွေးနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ရန်ကုန်တိုင်းဒေသကြီးအတွင်း စတင်ဆောင်ရွက်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို သတ်မှတ်ရက်အတွင်း စနစ်တကျအောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)မှ ပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (OCV) တိုက်ကျွေး၍ အမှတ်တရလက်ဆောင်များပေးအပ်ကြပြီး ရန်ကင်းမြို့နယ်ရှိမိုးကောင်းဆုတောင်းပြည့်စေတီဓမ္မာရုံနှင့် ဗဟန်းမြို့နယ်ရှိရန်ကုန်တိုင်းဒေသကြီး သံဃာ့နာယကရုံးတို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တိုက်ကျွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှု အမြန်ဆုံးပြန်လည်ကျဆင်းနိုင်ရေးနှင့် ရေဘေးသင့်ပြည်သူများအား သွားရောက်ကူညီထောက်ပံ့

တောင်ငူ စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှု အမြန်ဆုံးပြန်လည်ကျဆင်းနိုင်ရေးနှင့် ရေဘေးသင့်ပြည်သူများအား သွားရောက်ကူညီထောက်ပံ့ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်တော်၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးစိုက်ဧကထိခိုက်သွားသော်လည်း နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြိုတင်ကွင်းဆင်းတင်ပြရန် မှာကြားခဲ့ပြီး တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ အလှူရှင်များ လာရောက်လှူဒါန်းထားသည့် ဆန်၊ ဆီနှင့်အခြားစားသောက်ဖွယ်ရာများ စနစ်တကျစုဆောင်းထားရှိမှု၊ စားသုံးကုန်ပစ္စည်းများ လက်ခံရရှိမှု၊ ဖြန့်ခွဲပေးမှုအခြေအနေများအား ကြည့်ရှုအားပေးသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန်ရိုးကျေးရွာနှင့် တောင်ငူမြို့အဝင်ကြား ကားလမ်းရေကျော်ဝင်ရောက်နေမှုနှင့် ထီးလှိုင်လမ်းဘေး ရေကြီးရေလျှံမှုကြောင့်အုတ်တံတိုင်းပြိုကျပျက်စီးနေမှုတို့အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ အမှတ်(၁၉) ရပ်ကွက်အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ သန့်ရှင်းရေးပြုလုပ်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ရေဝင်ရောက်ခဲ့သည့် စာသင်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့်ပရိဘောဂများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ အား တောင်ငူမြို့နယ်ပညာရေးမှူးနှင့် သန့်ရှင်းရေးပြုလုပ်နေသည့် တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူတို့အား သီးခြားထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ထို့နောက် တောင်ငူမြို့ မဟာမုနိကေလဇာတိစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိဓမ္မာရုံ၌ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ရေဘေးသင့်အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၃၇၆ ဦးတို့အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆန်၊ ဆီနှင့် အခြားစားသောက်ဖွယ်ရာများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ဆန်ရိက္ခာဖိုးများ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ၊ ရေဘေးရှောင်သက်ကြီးဘိုးဘွားများနှင့် ကျန်းမာရေးဝန်ထမ်းအတွက် သီးခြားထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ရေဘေးရှောင်စခန်းများ၌ နေ့စဉ်ချက်ပြုတ်ကျွေးမွေးရန် ပြင်ဆင်နေမှုနှင့် ရေသန့်စင်စက်ပါမော်တော်ယာဉ်ဖြင့် သောက်သုံးရေသန့်ဖြန့်ဝေပေးနေမှုတို့အား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း(AACC)၏ (၆)ကြိမ်မြောက်ညီလာခံနှင့်ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်




နေပြည်တော် စက်တင်ဘာ ၂၂

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ H.E. Mr.Nakharin Mektrairat ၏ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဘန်ကောက်မြို့၌ "The Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် စက်တင်ဘာလ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions– AACC)၏ (၆) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

AACC အသင်းကြီး၏ (၆)ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာလ ၁၈ ရက်က ညီလာခံဖွင့်ပွဲအခမ်းအနားနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကိုကျင်းပ၍ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးသုံးရုံးမှ ၎င်းတို့၏ဆောင်ရွက်မှုအစီရင်ခံစာများကို တင်ပြခဲ့ကြပြီး AACC အသင်းကြီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ညီလာခံအပြီးတွင် ထုတ်ပြန်မည့်ဘန်ကောက်ကြေညာစာတမ်း (The Bangkok Declaration)တို့အပေါ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

စက်တင်ဘာလ ၁၉ ရက်က ညီလာခံကို ဆက်လက်ကျင်းပခဲ့ရာ ခုံရုံးဥက္ကဋ္ဌက "The Role of the Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် ဖွံ့ဖြိုးတိုးတက်လာမှုများအကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုထိန်းသိမ်းကာကွယ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ အရေးပါပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီရင်ပိုင်ခွင့်များအကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှုအစရှိသည်တို့နှင့်စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့ပြီး ညီလာခံသို့ တက်ရောက်လာကြသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့်အဆင့်တူအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် ဥပဒေပညာရှင်များကလည်း ၎င်းတို့နိုင်ငံအလိုက်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့်စပ်လျဉ်းသည့် အသိအမြင်၊ အတွေ့အကြုံ၊ ဗဟုသုတများကို ဖလှယ်ခဲ့ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၀ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်းသိရသည်။

**(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးကြောင့်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ ယာယီပြင်ဆင်ပြီးစီးမှုအခြေအနေများ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည်အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းသဘာဝဘေးကြောင့်ပျက်စီးခဲ့သောလမ်း၊တံတားများယာယီပြင်ဆင်ပြီးစီးမှုအခြေအနေ၊ လမ်း၊ တံတားများ၏ကြံ့ခိုင်မှုအခြေအနေ၊ကုန်စည်ပို့ဆောင်သည့်မော်တော်ယာဉ်များနှင့် ခရီးသည်ယာဉ်များဖြတ်သန်းသွားလာခွင့်ပြုထားမှု အခြေအနေနှင့် မူလအခြေအနေအတိုင်း အခိုင်အမာပြန်လည်တည်ဆောက်မည့်အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ်းကပ်ခုံရေတိုက်စား၍ ပျက်စီးသွားသော မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-ညောင်ပင်သာလမ်းပေါ်ရှိ တံတားအမှတ်(၅/၁၆) ပေါင်းလောင်းတံတား၌ အရှည်ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုးခြင်းဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာမှုနှင့် တံတား၏ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ လမ်းပိုင်းရှိ Box Culvert နှင့် လမ်းသားပျက်စီးမှုများပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆိုပါလမ်းပိုင်းတွင် ပျက်စီးခဲ့သောတံတားအမှတ်(၂/၂၀)၏ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းနေရာတွင် အရှည်ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုးခြင်းဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာအသုံးပြုနေပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား(သိုက်ချောင်း)နေရာတွင် ယာဉ်သွားလာမှုပိုမိုအဆင်ပြေလွယ်ကူစေရေးအတွက် အရှည်ပေ ၁၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်တံတားနှစ်စင်း ယာယီထိုးပေးပြီး အသွားလမ်း၊ အပြန်လမ်းအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိပြီး ယာဉ်များစနစ်တကျဖြတ်သန်းသွားလာခွင့်ပြုထားသည့်အခြေအနေနှင့် တံတား Pier တိုင်နိမ့်ကျသွားခြင်းကို အခိုင်အမာပြုပြင်ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်သေချောင်းတံတား(ပုပ္ပါးကုန်း)၌ အရှည်ပေ ၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ တစ်လွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိမှုနှင့် ပျက်စီးသွားသော ချဉ်းကပ်လမ်းနေရာတွင် လမ်းသားပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံတံတား)သို့ သွားရောက်ပြီး ချောင်းရေတိုက်စားပျက်စီးသွားသည့် တံတားချဉ်းကပ်လမ်းနေရာ၌ တန် ၄၀ ခံနိုင်ဝန်ရှိသော အရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သုံးလွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်မော်တော်ယာဉ်များ သတ်မှတ်ချက်အတိုင်း စနစ်တကျဖြတ်သန်းသွားလာမှု၊ တံတားကြံ့ခိုင်မှု၊ တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်း ရှင်းလင်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အမြဲတမ်းတံတားအဖြစ် တည်ဆောက်မည့်လျာထားစီမံချက်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆိုပါ နဝင်းချောင်းတံတားသည် ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ရှိပြီး ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်သည့်မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် တန် ၄၀ ခံနိုင်ဝန်မှ တန် ၅၀ ခံနိုင်ဝန်အထိ ဖြတ်သန်းခွင့်ပြုနိုင်ရေးအတွက် ထောက်ကူပြင်ဆင်ဆောင်ရွက်ထားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားများပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါအများပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေလျက်ရှိပြီး ကုန်စည်များလည်း အဆက်မပြတ်ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း၊ ယာယီပြင်ဆင်ပြီးစီးခဲ့သည့် လမ်း၊ တံတားများ၏ကြံ့ခိုင်မှုကို နေ့ညမပြတ်စောင့်ကြည့်ကြပ်မတ်လျက်ရှိကြောင်းနှင့် မူလအခြေအနေအတိုင်းဖြစ်စေရေးအတွက် အခိုင်အမာပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)

# ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး





နေပြည်တော် စက်တင်ဘာ ၂၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော် (၂) ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း၊ ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂)ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်နိုင်ရန် တာဝါတိုင်ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်ရှိ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်းပြန်လည်ပြုပြင်တည်ဆောက်ခြင်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝါသံပေါင်များ ပြန်လည်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် တာဝါတိုင်များစိုက်ထူရန် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂)ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းများအမြန်ပြီးစီးနိုင်ရေးနှင့် ဓာတ်အားအမြန် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ စီမံကိန်းမန်နေဂျာရုံးများနှင့် မဟာဓာတ်အားလိုင်းမှူးရုံးများမှ အင်ဂျင်နီယာများ ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် လုပ်ငန်းများလျင်မြန်စွာပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၈၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၈၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

❑ မြန်မာနေရှင်နယ်လိဂ်မှ

အကြိတ်အနယ်ရှိခဲ့ပြီး ဒဂုံပေါ့အသင်းက ဂိုးရရှိနိုင်သည့်အခွင့်အရေးများပိုမိုရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဒဂုံပေါ့အသင်းမှ စည်သူနိုင် ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သည့်အတွက် နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသော်လည်း ဒဂုံပေါ့အသင်းက ဖိအားပေးကစားနိုင်ခဲ့ကာ ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို ဒဂုံပေါ့အသင်းမှကွင်းလယ်ကစားသမား မျိုးဆက်နိုင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

စည်သူအောင်

## ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် အခြေခံပညာကျောင်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ပုဗ္ဗသီရိ၊ ဇေယျာသီရိနှင့် ပျဉ်းမနားမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (တံတားဦး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေဘေးဒဏ်ကြောင့် စာသင်ခန်းအတွင်း ရေဝင်ရောက်မှု၊ စာသင်ဆောင်နှင့်ကျောင်းအတွင်းရွံ့ညွှန်များ၊ အမှိုက်များဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများကို အားပေးစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကျောက်ချက်)သို့သွားရောက်၍ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောင်းအုတ်တံတိုင်း၊ ကျောင်းဆောင်၊ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အစားထိုးအချိန်ပိုသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (အိုင်စောက်)၊ ပျဉ်းမနားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (သကြားစက်)၊ အခြေခံပညာအထက်တန်းကျောင်း (ညောင်ပင်သာ)သို့ သွားရောက်ကာ ရေဝင်ရောက်မှုကြောင့် ကျောင်းအုတ်တံတိုင်း၊ ကျောင်းဆောင်၊ စာသင်ဆောင်ပျက်စီးမှုများအပေါ် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်ကြားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar plans to export maize to the India market



YANGON September 22

Myanmar has been planning to export maize to the India market as Myanmar's maize export to Thailand with duty-free privilege has ended, according to the Myanmar Corn Industrial Association.

Thailand gives the green light for maize imports under zero tariff (with Form-D) bet-ween 1 February and 31 August. However, Thailand imposes a maximum tax rate of 73 percent on maize imports to protect the rights of their growers if the maize is imported during the maize season of Thailand.

Myanmar has been preparing to export maize to India's market to avoid price loss after the end of the maize export period to Thailand.

Myanmar delivered maize to Thailand through the Kawthoung-Ranong border. Myanmar's monsoon maize cultivation acres declined in some areas, resulting in low output. Myanmar has steady demand from foreign markets and domestic feed processing factories. Therefore, prices are expected to keep rising, maize entrepreneurs forecast.

Myanmar exported 1.8 million tons of maize to Thailand this year. The majority of them were delivered to foreign markets through maritime channels, according to the Ministry of Commerce.

**SMK**

# Pantanaw sells 85,000 visses of river catfish to Yangon market



PANTANAW September 22

"Up to 85,000 visses of river catfish was sold to the Yangon market," said Daw Naing Maw, an entrepreneur selling fishery products in Pantanaw Township, Ayeyawady Region.

During July, 65,000 visses of river catfish were shipped from Pantanaw Township to the Yangon market, and 85,000 visses of river catfish were transported and sold in August.

"All fishery products from Pantanaw Township are shipped to the Yangon market. Demand for fishery products from the Yangon market has been increased during the past month and now. River catfish are trading briskly in the domestic market. As demands increased, those in the fishery business became comfortable," she said.

The price of river catfish sold in the Yangon market from Pantanaw Township is Ks-105,000 per ten visses. Because more of these river catfish are being sent to Yangon, the lives of livestock entrepreneurs, fishery traders, workers, and those who rented a truck are convenient.

**SK**

# Shwebo Township plants more than 9,000 acres of green gram as monsoon crop

PANTANAW September 22

Statistics of Shwebo Township Agriculture Department stated that local farmers have planted 9,700 acres of monsoon green gram in Shwebo Township of Sagaing Region this monsoon.

Local authorities earmarjed 10,204 acres of pre-monsoon green gram and 1,646 acres of monsoon green gram this year but local farmers planted 5,497 acres of pre-monsoon green gram and 4,203 acres of monsoon green gram.

U Hsan Oo, Head of Shwebo Township Agriculture Department commented: "This monsoon, local farmers have planted more than 9,000 acres of green gram against the target of more than 10,000 acres. Local farmers are trying hard to meet the target cultivation. Our department helps them expand sown acreage of green gram and use quality strains of crops for boosting per-acre yield."

This year, officials of the township agriculture department urge local farmers to use quality strains of crops and correct agricultural techniques, manage prevention of pests and use of fertilizers.

**SK**

# Farmers in Sagaing Region plants more than 1,000 acres of butter bean this monsoon

MONYWA September 22

"A total of 1,112 acres of croplands have been placed under butter bean plantations in Sagaing Region this monsoon," said Sagaing Regio Agriculture Department.

Local authorities earmarked cultivation of 7,550 acres of butter bean this monsoon but local farmers have planted 1,112 acres of crop.

Dr Tin Mar Mar Oo, Assistant Director of Sagaing Region Agriculture Department said: "More than 7,000 acres of butter bean is earmarked to be grown in Sagaing Region this monsoon. But local farmers have planted more than 1,000 acres of crop. They are striving for meeting the target cultivation. Local farmers prefer to grow butter bean in cold season. The crop is thriving in the croplands. Local farmers rely on cultivation of butter bean which can fetch good price at the domestic market."

In Sagaing Region, Monywa District grew 148 acres of butter bean, Kanbalu District 775 acres and Sagaing District 198 acres, totalling 1,112 acres.

With regard to setting the plan of cultivation, Monywa District earmarked 470 acres of butter bean, Yinmabin District 170 acres, Shwebo District 3,025 acres, YeU District 2,000 acres, Kanbalu District 800 acres and Sagaing District 7,550 acres.

Farmers are growing butter bean as a separate crop as well as mix-crop to earn extra incomes for their families.

Relevant township agriculture departments are providing assistance for local farmers to boost per-acre yield of crop and using quality strains of crops in addition to sharing of modern agricultural techniques.

**SMK**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Kalay Township finishes cultivation of more than 90,000 acres of monsoon paddy

KALAY September 22

Statistics of Kalay Township Agriculture Department stated that a total of 91,012 acres of monsoon paddy has so far been planted in Kalay Township of Sagaing Region.

In 2024-2025 monsoon, farmers in the township could grow 91,012 acres of monsoon paddy against the target of 127,157 acres of monsoon this year.

U Naing Tun Win, Head of Kalay Township Agriculture Department explained: "Local authorities set a plan to grow more than 100,000 acres of monsoon paddy in Kalay Township but local farmers planted more than 90,000 acres. They are striving for meeting the target acreage. We are giving necessary agricultural technologies and quality strains of crops, encouraging local farmers to grow paddy in time."

This year, officials from relevant township agricultural departments cooperate with local farmers in growing monsoon paddy to overcome any challenges.

In Kalay Township, officials assist in growing monsoon paddy with agricultural techniques, prevention of pests, minimizing loss and waste of crops, and keeping paddy under shelter in time.

This year, officials encourage local farmers for thriving of monsoon paddy plantations in the farmlands in Kalay Township, selection of quality strains of crops, prevention of pests, weeding and removal of different species and systematic broadcasting of fertilizers at the farmlands.

**SMK**

# More than 700 acres of peanut plants thriving in Katha District

KATHA September 22

The statistics of Katha District Agriculture Department stated that a total of 740 acres of croplands have been placed under monsoon peanut plants in Katha District of Sagaing Region.

In 2024-2025 monsoon season, Katha District authorities set a plan to grow 913 acres of peanut but local farmers grew 740 acres of peanut against the target cultivation.

U Myint Soe, Head of Katha District Agriculture Department said: "Local authorities earmarked cultivation of 930 acres of monsoon peanut this season but local farmers have so far planted 740 acres of peanut against the target. They are striving for meeting the target cultivation. Peanut plants are thriving in the croplands. Sown acreage is on the rise in the district year after year."

This year, Katha Township planted 180 acres of peanut plants, Indaw Township 150 acres, Htigyaing Township 32 acres and Bamauk Township 378 acres, totalling 740.

In 2024-2025 season, Katha Township planned to grow 344 acres of peanut, Indaw Township 150 acres, Htigyaing Township 32 acres and Bamauk Township 387 acres, totalling 913.

Local farmers need to use 1.5 baskets per acre for cultivation and cost more than Ks-200,000 per are for labour charge and pesticides but each acre yields more than 50 baskets per acre.

Staff members of relevant agriculture departments of Katha District provide necessary assistance for local farmers with agricultural techniques, pesticides and weeding. **SK**

# Dabayin Township cultivates over 36,000 acres of rain-fed rice

DABAYIN September 22

A total of 36,981 acres of rain-fed rice have been planted in Dabayin Township, YeU District, Sagaing Region, according to statistics from the Department of Agriculture for YeU District.

During the 2024-2025 rain crops planting season, 120,391 acres of rain-fed rice are planned to be planted in Dabayin Township, and 36,981 acres have been planted since June this year.

"We are providing the necessary technology and types to reach the designated rain-fed rice. We are conducting fieldwork so that the farmers can plant rain-fed rice on time," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, education on pest control awareness, preventing damage to crops, and the timely arrival of the harvested rice under the shelter.

**SMK**

# Phase one construction of Indonesia's new capital city nears completion

JAKARTA September 22

The construction of Indonesia's new capital city (IKN) Nusantara in East Kalimantan Province has reached 93 percent completion for its first phase, according to Danis Hidayat Sumadilaga, head of the IKN Nusantara Infrastructure Development Task Force on Sunday.

Phase one includes government buildings, ministerial residences, and housing for civil servants. Sumadilaga emphasized that 20 ministerial houses have been completed so far, with 14 more under construction. The task force aims to finish 28 houses by October this year.

He said that several key buildings in the core government center (KIPP) are scheduled for inauguration in October, including Coordinating Ministry Office Buildings 1, 2, and 4. "We hope that the inauguration for several buildings at IKN's KIPP can be realized," he stated.

According to National Development Planning Minister Suharso Monoarfa, the second phase of development in Nusantara will focus on public infrastructure such as malls, hospitals, schools, and places of worship.

**Xinhua**

# Deadly landslides & floods devastate Ishikawa Prefecture

TOKYO September 22



The flooding has hit the region at a harrowing time as communities are still working to rebuild their infrastructure following a disastrous earthquake which struck during the New Year.

At least one person has been left dead and several others are missing following landslides and floods in Japan's north-central region of Noto on Saturday. These disastrous events were triggered by heavy rains, after which the Japan Meteorological Agency (JMA) issued its highest "life-threatening" alert level for heavy rain across several cities in the Ishikawa region.

Sugimoto Satoshi, a JMA forecaster, said that the level of downpours recorded had "never been experienced in this region before", and added that the risk to residents' lives is "imminent".

The severe flooding caused rivers to overflow, flooded homes and left many people in the region stranded. The rain is also forecasted to continue with up to 20 cm(7.8 in) to fall within the next 24 hours through midday on Sunday, due to the rain bands that caused torrential rain above the Hokuriku region, The Guardian reported citing JMA.

According to Hokuriku Electric Power Co, about 6,500 homes were left without power while some homes did not have water. In addition, traffic lights were no longer functioning as swaths of roads were blocked by muddy water.

"Heavy rain is hitting the region that had been badly damaged by the Noto earthquake, and I believe many people are feeling very uneasy," said Yoshimasa Hayashi, the chief cabinet secretary; who added that the government "puts people's lives first" and its priority is search and rescue operations.

The cities of Wajima and Suzu and the town of Noto directed about 44,000 residents to evacuate as well as another 16,000 in the Niigata and Yamagata prefectures north of Ishikawa. Two people who had gone missing during the downpour were carried away by river currents, BBC reported citing Japan's public service broadcaster NHK. Four workers who were repairing roads that were destroyed during a New Year's Day earthquake also went missing.

The flooded region is still recovering from an earthquake that occurred on January 1, during which a 7.5-magnitude earthquake killed over 235 people after it struck the Noto Peninsula in Ishikawa Prefecture. The earthquake caused buildings to collapse and triggered a terrible series of aftershocks. Wajima and Suzu were among those areas that were hit the hardest.

**Sputnik**

# Death toll from Peru's forest fires rises to 18

LIMA September 22

The death toll from Peru's forest fires increased to 18, the National Institute of Civil Defence (Indeci) said Friday.

The fires "have caused 165 people injured due to burns and unfortunately have claimed the lives of 18 people so far this year," while some 2,000 hectares of crops have been affected, said Cesar Sierra, Indeci's response director.

At a meeting held Friday at the National Emergency Operations Center headquarters, the institutional head of Indeci, Juan Urcariegui, said that 83 percent of the fires in the country "have already been controlled and extinguished."

The government on Wednesday declared a state of emergency in the regions of Amazonas, San Martin and Ucayali due to severe fires.

Urcariegui added that two command posts have been deployed in the cities of Tarapoto and Pucallpa to coordinate actions in the affected areas.

UN data showed that nearly 60 percent of Peru's territory is covered by tropical forests. Forest fires have been occurring more frequently and in a broader scope in the country, due to human activity such as the burning of dry grasslands for agricultural purposes, as well as the effects of climate change.

**Xinhua**

# Russia Has No Alternative to Victory in Ukraine Conflict - Kremlin

MOSCOW September 22

Russia has no alternative to achieving victory in its military operation in Ukraine, Kremlin spokesman Dmitry Peskov said.

"For Russia, there have been no other alternatives in history, and there is no alternative to our victory now," Peskov said in an interview with Russian journalist Pavel Zarubin published on his Telegram channel.

Russia should regard the West's stance seriously, given its intentions to defeat the country both "strategically and tactically," the spokesman added.

"They openly say that their goal is to defeat Russia strategically and tactically. This obliges us to take this position very seriously, to shape our actions in consideration of this threat and to continue the special military operation in order to achieve all our goals, fulfill all set objectives and achieve victory ourselves," Peskov said.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 13 Present perfect and past 1 (I have done and I did)

### Exercises

**13.1 Complete the sentences. Use the present perfect where possible. Otherwise use the past simple.**




**13.2 Are the underlined parts of these sentences OK? Correct them where necessary.**

1 Did you hear about Sophie? She's given up her job. ......OK......
2 My mother has grown up in Italy. My mother grew up
3 How many plays has William Shakespeare written? ........................
4 I've forgotten his name. Is it Joe or Jack? ........................
5 Who has invented paper? ........................
6 Drugs have become a big problem everywhere. ........................
7 We've washed the car, but now it's dirty again. ........................
8 Where have you been born? ........................
9 Ellie has gone shopping. She'll be back in about an hour. ........................
10 Albert Einstein has been the scientist who has developed the theory of relativity. ........................

**13.3 Put the verb into the correct form, present perfect or past simple.**

1 It stopped raining for a while, but now it's raining again. (it / stop)
2 The town where I live is very diff erent now. It has changed a lot. (it / change)
3 I studied German at school, but ................ most of it now. (I / forget)
4 The police ........................................ three people, but later they let them go. (arrest)
5 What do you think of my English? Do you think ........................................? (it / improve)
6 Are you ready to go? ........................................ your coff ee? (you / finish)
7 ........................................ for a job as a tour guide, but I wasn't successful. (I / apply)
8 Where's my bike? ............... outside the house, but it's not there now. (it / be)
9 Quick! We need to call an ambulance. ........................................ an accident. (there / be)
10 A: I've found my phone.
B: Oh, good. Where ........................................ it? (you / find) ..............
A: ........................ at the bottom of my bag. (It / be)
11 A: Ben won't be able to play tennis for a while. ........................................ his arm. (He / break)
B: Oh. How .................. ? (that / happen) ......................
A: off a ladder. (He / fall)

Raymond Murphy

# အသစ်ထွက်ရှိထားတဲ့ iPhone 16 က iPhone ချစ်သူများကို စိတ်တိုင်းကျစေရဲ့လား




Apple ဆိုတာက တစ်နှစ်တစ်ခါဆိုသလို iPhone ချစ်သူတွေကို စိတ်လှုပ်ရှားအောင်လုပ်နိုင်သူပါ။ Apple အနေနဲ့ မျက်နှာပြင်ပိုမိုကြီးမားတဲ့ iPhone တွေကို ၂၀၁၄ ခုနှစ်ကတည်းက စတင်ထုတ်လုပ်လာတာဖြစ်ပြီး ဒီနှစ်မှာတော့ iPhone 16 ကို မကြာသေးမီကပဲ မိတ်ဆက်ပြသလိုက်ပါတယ်။

ရောင်းချမှုကို စက်တင်ဘာလ ၂၀ ရက်မှာစတင်လိုက်တာဖြစ်ပြီး Apple စတိုးတွေမှာ ကြိတ်ကြိတ်တိုးတန်းစီဝယ်ယူရတဲ့အထိပါပဲ။ ဒီအခြေအနေဆိုတာကလည်း iPhone အသစ်ထုတ်တဲ့နှစ်စဉ်နှစ်တိုင်း ဆိုသလိုဖြစ်နေကြပါ။

အရင်ဆုံး iPhone 16 အကြောင်းမပြောခင် သူ့ရဲ့ အမျိုးအစားလေးမျိုးနဲ့စတင်မိတ်ဆက်ပေးပါမယ်။ အခြေခံအကျဆုံးကတော့ iPhone 16 ပေါ့။ သူ့ထက်တစ်ဆင့်သာတာက iPhone 16 Plus။ အဲဒီအထက်မှာ iPhone 16 Pro နဲ့ အမြင့်ဆုံးကတော့ iPhone 16 Pro Max ဖြစ်ပါတယ်။

iPhone 16 နဲ့ 16 Plus မှာရရှိနိုင်တဲ့ Storage ပမာဏတွေက 128GB၊ 256GB နဲ့ 512GB တို့ဖြစ်ပြီး Pro နဲ့ Pro Max မှာတော့ 256GB၊ 512GB နဲ့ 1TB ဆိုပြီး ရရှိနိုင်ပါတယ်။ Memory ပိုင်းမှာတော့ ဖုန်းအားလုံးကို 8GB RAM အသုံးပြုပေးထားပါတယ်။

iPhone 15 မှာတုန်းက 6GB RAM ကိုသာ အသုံးပြုပေးထားတာပါ။ ဈေးနှုန်းအပိုင်းမှာတော့ အခြေခံအကျဆုံး iPhone 16 128GB က အမေရိကန်ဒေါ်လာ ၇၉၉ ဒေါ်လာဖြစ်ပြီး အမြင့်ဆုံးဖြစ်တဲ့ iPhone 16 Pro Max 1TB က ၁၅၉၉ ဒေါ်လာအထိရှိပါတယ်။ ဈေးနှုန်းအပိုင်းမှာ အပြောင်းလဲကြီးပြောင်းလဲသွားတာမျိုးမရှိပါဘူး။ နောက်ထပ်မပြောင်းလဲတဲ့အရာတစ်ခုက အားသွင်းကြိုးပါ။ မနှစ်တုန်းကအတိုင်းပဲ USB–C နဲ့ထွက်ရှိလာတာဖြစ်ပါတယ်။

မျက်နှာပြင်အပိုင်းမှာဆိုရင် iPhone 16 က ၆ ဒသမ ၁ လက်မ၊ 16 Plus က ၆ ဒသမ ၇ လက်မ၊ 16 Pro က ၆ ဒသမ ၃ လက်မနဲ့ 16 Pro Max က ၆ ဒသမ ၉ လက်မရှိပါတယ်။ သူတို့ကြားထဲမှာ အမျိုးအစားတွေခွဲထားသလို သူတို့တစ်လုံးချင်းစီရဲ့စွမ်းဆောင်ရည်တွေကလည်း ကွာခြားသွားပါတယ်။ အဓိကကတော့ ကင်မရာအပိုင်းမှာပေါ့။

iPhone 16 အားလုံးမှာ ကင်မရာထိန်းချုပ်ခလုတ်လေးက အသစ်အဆန်းအနေနဲ့ပါဝင်လာပါတယ်။ ကင်မရာကို 48MP သုံးပေးထားတာကလည်း ထူးခြားမှုတစ်ခုပါပဲ။ ဒီနှစ်အတွက် Apple က အထူးမိတ်ဆက်လိုက်တဲ့အရာက Apple Intelligence လို့ခေါ်တဲ့ သူတို့ရဲ့ ကိုယ်ပိုင် AI စနစ်ဖြစ်ပါတယ်။ အဲဒီစနစ်ကိုတော့ iPhone 16 ဖုန်းအားလုံးမှာရရှိမှာပါ။

အခုဆက်လက်ပြီးတော့ အသစ်ထွက်ရှိထားတဲ့ iPhone 16 က iPhone ချစ်သူများကိုစိတ်တိုင်းကျစေရဲ့လားဆိုတာနဲ့ပတ်သက်ပြီး တင်ပြသွားပါမယ်။ အထူးသဖြင့် iPhone 15 ကနေ iPhone 16 ကိုပြောင်းကိုင်သင့်လားဆိုတဲ့သူတွေအတွက် အထောက်အကူဖြစ်စေဖို့မျှော်လင့်ပါတယ်။

အရင်ဆုံး iPhone 15 ရိုးရိုးနဲ့ iPhone 16 ရိုးရိုးကိုနှိုင်းယှဉ်ကြည့်ရအောင်။ မျက်နှာပြင်ပိုင်းမှာဆိုရင်နှစ်ခုစလုံးမှာ လုံးဝထပ်တူညီတဲ့ OLED XDR Display ကိုသုံးပေးထားပါတယ်။ Dynamic Island ပါဝင်မှုအနေအထားကလည်းတူညီသလို Resolution က အားလုံးထပ်တူကျနေပါတယ်။ မျက်နှာပြင်ကအလင်းရောင်ထုတ်ပေးနိုင်မှုပမာဏပဲ ကွာခြားသွားတာပါ။ iPhone 16 မှာ 2000 nits အထိဆိုတော့ နေရောင်အောက်မှာသုံးရမယ်ဆိုရင် iPhone 15 ထက်တော့ ပိုမြင့်ရမှာဖြစ်ပါတယ်။

Processor နဲ့ CPU အပိုင်းမှာတော့ ကွဲပြားခြားနားမှုရှိပါတယ်။ iPhone 15 မှာ A16 Bionic Chip ကို အသုံးပြုခဲ့ပေမယ့် iPhone 16 မှာတော့ A18 Chip ကိုအသုံးပြုပေးထားပါတယ်။ ဒီလိုသုံးပေးရခြင်းဟာလည်း iPhone 16 အားလုံးမှာ Apple Intelligence ကိုအသုံးပြုနိုင်အောင်ဖြစ်ပါတယ်။ ဒီတစ်ခုကတော့ iPhone 15 နဲ့တော်တော်လေးကွာခြားပါတယ်။ နောက်တစ်ခုကွဲပြားတာက iPhone 16 အားလုံးမှာ 8GB RAM ကိုအသုံးပြုပေးထားတာဖြစ်ပြီး ဒီလိုသုံးပေးထားရတာကလည်း Apple Intelligence အသုံးပြုနိုင်စေဖို့ပါပဲ။

ဘက်ထရီအပိုင်းမှာနှိုင်းယှဉ်မယ်ဆိုရင် iPhone 16 မှာ 3561 mAH ထည့်သွင်းပေးထားပြီးတော့ iPhone 15 မှာတော့ 3349 mAH ပါ။ iPhone 16 မှာ A 18 Chip ရဲ့အသုံးပြုပေးထားတာကြောင့် ဘက်ထရီကပိုပြီး အားခံနိုင်ဖွယ်ရှိပါတယ်။ နေ့စဉ်သုံးစွဲမှုပမာဏနဲ့လည်းဆိုင်ပါတယ်။ တစ်ဆက်တည်းမှာပဲ အားသွင်းအမြန်နှုန်းကိုကြည့်ရင် iPhone 15 မှာ 27 W ဖြစ်ပြီး iPhone 16 ကတော့ 45 W အထိရရှိမှာပါ။ ဒါကြောင့် iPhone 16 မှာ အားသွင်းပိုမြန်ပါမယ်။

iPhone 15 နဲ့ iPhone 16 ကြားက အဓိကကွဲပြားခြားနားမှုကတော့ Apple Intelligence ပါပဲ။ ဒီလုပ်ဆောင်ချက်ကို iPhone 16 အားလုံးနဲ့ iPhone 15 Pro မော်ဒယ်တွေမှာ ရရှိမှာပါ။ ရိုးရိုး iPhone 15 တွေကတော့ ဒီလုပ်ဆောင်ချက်ကို အဝေးကသာ မျှော်ကြည့်ရမယ့် အခြေအနေဖြစ်ပါတယ်။

တခြားလုပ်ဆောင်ချက်တွေကို ယှဉ်ကြည့်မယ်ဆိုရင် အလေးချိန်အပိုင်းမှာ ကြီးမားစွာကွာခြားမှုမရှိသလို ရေစိုခံနိုင်မှုကလည်း iP 68 ချင်းအတူတူပါပဲ။ Stereo Speakers ပါဝင်တာတွေ၊ Bluetooth 5.3 ဖြစ်တာတွေကလည်း အတူတူပါပဲ။ ကွဲပြားမှုက WiFi 7 ကို iPhone 16 မှာထည့်ပေးထားပြီး iPhone 15 ကတော့ WiFi 6 မှာကျေနပ်လိုက်ရပါတယ်။

ဒီတော့ နိဂုံးချုပ်လိုက်ရမယ်ဆိုရင် iPhone 16 က ကင်မရာပိုင်းမှာ အရည်အသွေးကွာခြားမှုရှိမယ်။ ကင်မရာထိန်းချုပ်ခလုတ်ပါမယ်။ ကိုယ်ပိုင် AI စနစ်ပါမယ်။ စွမ်းဆောင်ရည်ပိုင်းမှာ A 18 Chip ကိုသုံးပေးထားတဲ့အတွက် လျင်မြန်သွက်လက်မှုမှာတော့ ထိပ်ဆုံးမှာရှိနေပါမယ်။ ဒီလိုပြောင်းလဲမှုတွေများစွာရှိနေပေမယ့် ဈေးနှုန်းအပိုင်းမှာတော့ ယခင်နှစ်တွေတုန်းကလိုပဲ ပြောင်းလဲမှုမရှိပါဘူး။ အမေရိကန်ဒေါ်လာနဲ့ဆိုရင်ပြောတာပါ။

ဒါကြောင့် iPhone 16 က iPhone ချစ်သူတွေကို စိတ်တိုင်းကျစေရဲ့လားဆိုတဲ့အဖြေအတွက် ပြောရမယ်ဆိုရင် ကင်မရာနေရာအထားအသိုတစ်ခုတည်းကိုသာကြည့်ပြီး Update ဖြစ်၊ မဖြစ်ဆုံးဖြတ်မယ်ဆိုရင်တော့ iPhone 16 ကိုမဝယ်ပါနဲ့။ ဒီလိုမှမဟုတ်ဘဲ သူ့မှာပါဝင်တဲ့ လုပ်ဆောင်ချက်တွေကိုသာကြည့်ပြီး Update ဖြစ်တယ်လို့ဆုံးဖြတ်ရင်တော့ ဝယ်သင့်တဲ့ဖုန်းတစ်လုံးဖြစ်တယ်လို့ဆိုရပါလိမ့်မယ်။ ဒီအတွက် iPhone 16 က iPhone ချစ်သူတွေကိုစိတ်တိုင်းကျစေမယ့် ဖုန်းတစ်လုံးဖြစ်စေမယ်ဆိုတဲ့အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**Ref: GSM Arena**

**K.H**



# Huawei ၏ Mate XT Ultimate တရုတ်နိုင်ငံတွင် စတင်ဖြန့်ဖြူး

Huawei က သူတို့ရဲ့နောက်ဆုံးထုတ်ဖုန်းတစ်မျိုးဖြစ်တဲ့ Mate XT Ultimate ကို တရုတ်နိုင်ငံမှာ စက်တင်ဘာလ ၂၁ ရက်နေ့က စတင်ဖြန့်ဖြူးရောင်းချလိုက်ပြီဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းကိုတော့ လာမယ့်နှစ်မှာရောင်းပေးသွားမယ်လို့ဆိုပါတယ်။

တန်ဖိုးအားဖြင့် ၁၉၉၉၉ ယွမ် (အမေရိကန်ဒေါ်လာ ၂၈၀၀) ရှိတာကြောင့် အထူးထုတ်ဖုန်းတွေမပါ ထွက်ရှိဖူးသမျှသောသာမန်ဖုန်းတွေထဲမှာ တန်ဖိုးအမြင့်ဆုံးသောဖုန်းတစ်လုံးဖြစ်လာပါတယ်။ နိုင်ငံတကာကဝယ်ယူသူတွေအနေနဲ့ ဒီဖုန်းကို ဒေါ်လာ ၃၀၀၀ နီးပါးပေးပြီး ဝယ်ကြရမှာပါ။

Huawei အနေနဲ့ ဒီလိုမျိုးဈေးတင်ပြီး ရောင်းချမယ်ဆိုရင်လည်း ရောင်းချချင်လောက်စရာပါပဲ။ ဘာကြောင့်လဲဆိုရင် သူတို့ရဲ့တီထွင်ဖန်တီးမှုနည်းပညာက ဖုန်းတစ်လုံးအတွက် သိပ်ကိုအဆင့်မြင့်လွန်းနေလို့ပါ။

အရင်ဆုံးသူ့ရဲ့ပုံစံကိုပြောရမယ်ဆိုရင် သုံးခေါက်ချိုးပုံစံဖြစ်ပါတယ်။ ဒီပုံစံကဘယ်မှာမှမရှိခဲ့ဖူးပါဘူး။ သူ့ကိုဖြန့်ထားမယ်ဆိုရင် တက်ဘလက်တစ်လုံးကဲ့သို့မြင်ရမှာဖြစ်ပေမယ့် ခေါက်ထားမယ်ဆိုရင်တော့ ဖုန်းတစ်လုံးလိုသာမြင်ရမှာပါ။

သူ့ရဲ့ပါးလွှာမှုက မခေါက်ထားတဲ့ပုံစံမှာဆိုရင် အထူက ၃ ဒသမ ၆ မီလီမီတာသာရှိပါတယ်။ သုံးခေါက်ချိုးလိုက်မယ်ဆိုရင်တော့ ၁၂ ဒသမ ၈ မီလီမီတာသာရှိပါတယ်။ ဒီအချက်က တခြားနှစ်ခေါက်ချိုးဖုန်းတွေထက် သာလွန်ထူးခြားမှုတစ်ခုပါ။

မျက်နှာပြင်အရွယ်အစားက ဖြန့်ထားချိန်မှာ ၁၀ ဒသမ ၂ လက်မ၊ နှစ်ချပ်ဖြန့်ထားချိန်မှာ ၇ ဒသမ ၉ လက်မနဲ့ သုံးချပ်စလုံးခေါက်ထားချိန်မှာ ၆ ဒသမ ၄ လက်မရှိတာကိုတွေ့ရပါတယ်။

**Ref: GA**

**K.H**

# အမေရိကန်ရှိ ဘာမင်ဟမ်မြို့လယ်ကောင်၌ လူတစ်စုက လူအုပ်ကြီးကို သေနတ်များဖြင့် ပစ်ခတ်မှုဖြစ်ပွား

နယူးယောက်၊ ရာဇဝတ်မှု

အမေရိကန်နိုင်ငံ အလာဘားမား ပြည်နယ်ရှိ ဘာမင်ဟမ်မြို့လယ်ကောင်၌ စက်တင်ဘာလ ၂၁ ရက်ညပိုင်းတွင် လူတစ်စုက လူအုပ်ကြီးကိုသေနတ်များဖြင့် ပစ်ခတ်မှုဖြစ်ပွားကြောင်းသိရသည်။

အဆိုပါပစ်ခတ်မှုအတွင်း လူလေးဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းပစ်ခတ်မှုသည် အလာဘားမား တက္ကသိုလ်အနီးရှိ ဖျော်ဖြေရေးနေရာတစ်ခုဖြစ်သော Birmingham Five Points South ၌ ဒေသစံတော်ချိန် ည ၁၁ နာရီကျော်တွင်ဖြစ်ပွားခြင်းဖြစ်သည်။

ထိုနေရာသို့ လူတစ်စုကရောက်လာပြီးနောက် လူအုပ်ကြီးကိုပစ်ခတ်မှုများ လုပ်ဆောင်ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ကအခင်းဖြစ်နေရာသို့ရောက်ရှိချိန်တွင် အမျိုးသားနှစ်ဦးနှင့်အမျိုးသမီးတစ်ဦးသေဆုံးနေသည်ကိုတွေ့ရသည်။စတုတ္ထမြောက်သေဆုံးသူမှာ ဆေးရုံရောက်မှသေဆုံးခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

ထို့ပြင် အနည်းဆုံးလူလေးဦးမှာ ပြင်းထန်ဒဏ်ရာများရရှိထားပြီး အခြားသူများမှာ အမျိုးမျိုးသောနေရာများ၌ ဒဏ်ရာအသီးသီးရရှိထားကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ထုတ်ပြန်ထားသည်။

အဆိုပါပစ်ခတ်မှုနှင့်ပတ်သက်၍ စက်တင်ဘာလ ၂၂ ရက်နံနက်ပိုင်းအထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးစစ်ဆေးနိုင်ခြင်းမရှိသေးသည့်အပြင် ထိုသို့ပစ်ခတ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကိုလည်းမသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောထားသည်ဟုသိရသည်။

Ref: Xinhua



# တောင်အာဖရိက၌ ရုတ်တရက်ဆီးနှင်းထူထပ်စွာကျဆင်းမှုဖြစ်ပွား

ဂျိုဟန်နက်စဘတ်၊ ရာသီဥတု

တောင်အာဖရိကနိုင်ငံ၌ ရုတ်တရက်ဆီးနှင်းထူထပ်စွာကျဆင်းမှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦးသေဆုံးပြီး ယာဉ်မောင်းအများအပြားမှာ နှင်းတောထဲ၌ပိတ်မိနေကြောင်း ဒေသတွင်းတာဝန်ရှိသူများက ပြောသည်။

ရုတ်တရက်ဆီးနှင်းထူထပ်စွာကျဆင်းမှုသည် စက်တင်ဘာလ ၂၁ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ဂျိုဟန်နက်စဘတ်နှင့်ဒါဘန်ကမ်းရိုးတန်းမြို့ကိုဆက်သွယ်ထားသည့် အမြန်လမ်းတစ်လျှောက် ဆီးနှင်းများဖုံးလွှမ်းနေကာ ယာဉ်ကြောသွားလာမှုများအားလုံးရပ်ဆိုင်းလိုက်ရသည်။

ထို့ပြင် ယာဉ်မောင်းများနှင့်ခရီးသည်များအားလုံးမှာ နှင်းတောအတွင်းပိတ်မိနေပြီး ၎င်းတို့အနေဖြင့်ကူကယ်ရာမဲ့နေသည်ဟုခံစားနေရကာ ပြစ်မှုကျူးလွန်သူများ၏သားကောင်များဖြစ်မည်ကို စိုးရိမ်နေရကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြထားသည်။

ဒေသတွင်းတာဝန်ရှိသူများက ဆီးနှင်းများအတွင်းပိတ်မိနေသူများအား ပူနွေးသော စားသောက်ဖွယ်ရာများ၊ စောင်များနှင့် အခြားထောက်ပံ့ရေးပစ္စည်းများပေးခြင်းအပါအဝင် လမ်းများကိုရှင်းလင်းရန်ကြိုးစားပြီး ကယ်ဆယ်ရေးကိုအရှိန်အဟုန်ဖြင့်လုပ်ဆောင်နေကြောင်းသိရသည်။

Ref: RT



# ဟစ်ဇဘိုလာက အစ္စရေးသို့ ဒုံးကျည်အစင်း ၁၁၀ ကျော်ဖြင့်ပစ်ခတ်

ဂျေရုဆလင်၊ စစ်ရေး

လက်ဘနွန်ရှိ ဟစ်ဇဘိုလာတပ်ဖွဲ့က အစ္စရေးနိုင်ငံသို့ စက်တင်ဘာလ ၂၂ ရက်အစောပိုင်းတွင် ဒုံးကျည်အစင်းပေါင်း ၁၁၀ ကျော်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုလုပ်ဆောင်ကြောင်း သိရသည်။

အဆိုပါဒုံးကျည်များအနက် အချို့မှာ အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ ဟိုင်ဖာမြို့အနီးသို့ကျရောက်ပေါက်ကွဲမှုများရှိလာသောကြောင့် ဟစ်ဇဘိုလာတို့က အစ္စရေးနိုင်ငံအတွင်းပိုင်းထဲအထိ ပစ်ခတ်မှုများတိုးမြှင့်လုပ်ဆောင်လာသည်ကိုတွေ့ရသည်။

ပစ်ခတ်မှုများကြောင့် ဟိုင်ဖာမြို့အနီးရှိ အဆောက်အအုံများနှင့်မော်တော်ကားများထိခိုက်ပျက်စီးမှုများရှိကြောင်း၊ လူလေးဦးဒဏ်ရာရရှိကြောင်း အစ္စရေးအရေးပေါ်ဌာနကထုတ်ပြန်ထားသည်။

ထို့နောက် အစ္စရေးက လက်ဘနွန်နိုင်ငံတောင်ပိုင်းဒေသကို လေကြောင်းမှဖုံးကြိုတိုက်ခိုက်မှုများလုပ်ဆောင်ရာ ယခုကဲ့သို့တိုက်ခိုက်မှုများသည် ရှေ့လျှောက်ပိုမိုပြင်းထန်လာဖွယ်ရာသာရှိသည်ဟု အစ္စရေးစစ်ဘက်ကပြောထားသည်။

ဟစ်ဇဘိုလာတို့က ၎င်းတို့၏တိုက်ခိုက်မှုသည် Rafael စစ်လက်နက်ပစ္စည်းကုမ္ပဏီကိုအဓိကပစ်မှတ်ထားခြင်းဖြစ်သည်ဟု ထုတ်ပြန်ထားသည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

### မလေးရှား၌ရေဘေးကယ်ဆယ်ရသူ ၈၀၀၀ ကျော်ရှိလာ

မလေးရှားနိုင်ငံရှိ ပြည်နယ်အများအပြား၌ ရေလွှမ်းမိုးမှုများဖြစ်ပွားခြင်းကြောင့် ရေဘေးကယ်ဆယ်ရသူအရေအတွက်မှာ စက်တင်ဘာလ ၂၂ ရက်မွန်းလွဲပိုင်းအထိ ၈၅၄၅ ဦးရှိလာပြီဟု တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

ရေဘေးကြောင့် အဆိုးဆုံးထိခိုက်ရသည့်ဒေသမှာ ကီဒါပြည်နယ်ဖြစ်ပြီး ရေဘေးဒုက္ခရောက်သူ ၈၃၉၄ ဦးရှိကာ ၎င်းတို့ကို ကယ်ဆယ်ရေးစခန်း ၄၁ ခု၌နေရာချထားကြောင်း တာဝန်ရှိသူများက ပြောသည်။

ဝန်ကြီးချုပ်အန်နဝါအီဘရာဟင်က ကီဒါပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများကို ရင်းဂစ် ၁၃ သန်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် အစိုးရတာဝန်ရှိသူများအနေဖြင့်လည်း ရေကြီးမှုလျော့ပါးရေးစီမံကိန်းများကို စောင့်ကြည့်ရန် ဝန်ကြီးချုပ်က ညွှန်ကြားထားကြောင်းသိရသည်။

Ref: Xinhua

### အစ္စရေး၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုဖြစ်ပွား

အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ မွေးမြူရေးခြံတစ်ခု၌ ကူးစက်မြန်ပြင်းထန်သည့် ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်မှုဖြစ်ပွားကြောင်း စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂၂ ရက်တွင်ထုတ်ပြန်သည်။

ရောဂါပိုးကူးစက်မှုဖြစ်ပွားသည့်နေရာသည် ပြီးခဲ့သည့်လက အလားတူကူးစက်မှုဖြစ်ပွားသည့် ကြက်ဆင်မွေးမြူရေးခြံမှ မီတာ ၆၀၀ အကွာရှိ ကြက်အကောင်ရေ ၃၄၀၀၀ မွေးမြူထားသောနေရာတွင်ဖြစ်ကြောင်းနှင့် ကူးစက်သည့်ရောဂါပိုးမှာ H5N1 ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါရောဂါကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်နိုင်ရေးအတွက် ထိုကြက်ခြံမှ ၁၀ ကီလိုမီတာပတ်ပတ်လည်ရှိ မွေးမြူရေးခြံများအားလုံးကို အဝင်အထွက်ကန့်သတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

Ref: Xinhua

### ပြင်သစ်၌ အစိုးရအသစ်ကို ပြည်သူထောင်ပေါင်းများစွာဆန္ဒပြ

ပြင်သစ်နိုင်ငံ၌ အစိုးရအဖွဲ့အသစ်ကို ပြည်သူထောင်ပေါင်းများစွာက စက်တင်ဘာလ ၂၁ ရက်တွင် ဆန္ဒပြမှုများလုပ်ဆောင်ကြောင်းသိရသည်။

ပြင်သစ်သမ္မတ အမ်မန်နျူယယ်မက်ခရွန်က မီရှဲဘာနီယေးကို ဝန်ကြီးချုပ်အဖြစ်ရွေးချယ်လိုက်မှုနှင့်ပတ်သက်၍ ပြည်သူများက ပဲရစ်မြို့တွင်ဆန္ဒပြမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

မီရှဲဘာနီယေးကို ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခြင်းသည် ဇူလိုင်လတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲ၏ရလဒ်ကို မျက်ကွယ်ပြုရာရောက်ကြောင်း ဆန္ဒပြသူများကပြောသည်။

လွှတ်တော်ရွေးကောက်ပွဲ၌ မဲအရေအတွက်အများဆုံးရရှိထားသည့် NFP ညွန့်ပေါင်းအဖွဲ့က ဝန်ကြီးချုပ်အမည်ကို တင်သွင်းသော်လည်း ပြင်သစ်သမ္မတက NFP မှတင်သွင်းသည့်ဝန်ကြီးချုပ်ကို ငြင်းပယ်ကာ ဗဟိုလက်ယာစွန်းရောက်ပါတီမှ မီရှဲဘာနီယေးကိုသာ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

Ref: RT

### ထိုင်းရှိရေကြီးဒေသများတွင် ကုန်ဈေးနှုန်းထိန်းချုပ်ရန် ဝန်ကြီးချုပ်ပြော

ထိုင်းနိုင်ငံအတွင်းရှိ ရေလွှမ်းမိုးသည့်ဒေသများတွင် ကုန်ဈေးနှုန်းကိုထိန်းချုပ်ရန် ဝန်ကြီးချုပ်ဖယ်ထုန်ထန်ရှင်နာဝပ်က ကုန်သွယ်ရေးဝန်ကြီးကို စက်တင်ဘာလ ၂၂ ရက်တွင် ညွှန်ကြားလိုက်ကြောင်း သိရသည်။

ရေကြီးရာဒေသများရှိ အချို့သောဈေးဆိုင်များသည် ဆောက်လုပ်ရေးပစ္စည်းများ သို့မဟုတ် အိမ်သုံးပစ္စည်းများကို ဈေးအဆမတန်တင်၍ ရောင်းချမှုများရှိနေသည်ဟု သတင်းထောက်များက ထုတ်ပြန်လာပြီးနောက် ဝန်ကြီးချုပ်က ယခုကဲ့သို့ညွှန်ကြားလိုက်ခြင်းဖြစ်သည်။

ဈေးနှုန်းများထိန်းချုပ်ထားခြင်းမရှိသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ကုန်စည်များနှင့်ပတ်သက်၍ အစိုးရကကြားဝင်နိုင်ခြင်းမရှိသော်လည်း အစိုးရနှင့်မိတ်ဖက်ဖြစ်သည့် ကုမ္ပဏီများနှင့် ပူးပေါင်းကာ ရေကြီးနေသည့်ဒေသများတွင် ကုန်ပစ္စည်းများကို ဈေးလျှော့၍ရောင်းချပေးသွားမည်ဟု ဝန်ကြီးကချုပ်ပြောသည်။

Ref: NT

### သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ မာ့(စ်)ဝါဒီကိုယ်စားလှယ်အနိုင်ရ

မာ့(စ်)ဝါဒီ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည့် အနူရာကုမာရဒစ်ဆန်နာယာကီက သီရိလင်္ကာသမ္မတရွေးကောက်ပွဲ၌ ၎င်းအနေဖြင့်အနိုင်ရရှိကြောင်း စက်တင်ဘာလ ၂၂ ရက်တွင်ပြောထားသည်။

ရွေးကောက်ပွဲကို စက်တင်ဘာလ ၂၁ ရက်တွင်ကျင်းပပြင်ဖြစ်ပြီး တရားဝင်ထုတ်ပြန်ချက်များ ထွက်ပေါ်လာခြင်းမရှိသေးသော်လည်း ရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်သော မဲအရေအတွက်များအရ ဒစ်ဆန်နာယာကီက ၄၂ ရာခိုင်နှုန်းဖြင့်ဦးဆောင်နေသည်။

၎င်း၏နောက်တွင် အတိုက်အခံပါတီခေါင်းဆောင်ဖြစ်သည့် ဆာဂျိတ်ပရီမာဒါဆာက ၃၂ ရာခိုင်နှုန်းသာရရှိထားသည်ကိုတွေ့ရသည်။

လက်ရှိသမ္မတဖြစ်သည့် ရာနေးဝစ်ခရီမန်ဆင်းက ထောက်ခံမဲ ၁၇ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်သာရပ်တည်နေကြောင်းသိရသည်။


Ref: NT

● **အထူးမိုးလေဝသမှ**

ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့်လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကိုကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)




## ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် စက်တင်ဘာ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့်မြန်မာသံရုံးသည် သက်ဆိုင်ရာသံရုံးများ၊ ဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မရွှေစာနိုးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ဒူဘိုင်းရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့နှင့်ချိတ်ဆက်၍ ကျန်ရှိသောလုပ်ခလစာရရှိရေး၊ နိုင်ငံကူးလက်မှတ်ပြန်လည်ရရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည့်အပြင် မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာနိုင်ရန် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းရုံးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် ပြန်လည်ထွက်ခွာခွင့်လက်မှတ်ရရှိခဲ့ပြီး မြန်မာနိုင်ငံသူ မရွှေစာနိုးသည် စက်တင်ဘာလ ၂၂ ရက်တွင် ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ည ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။



ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့်မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်းသိရသည်။

**ဓာတ်ပုံ-ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

## ရေဘေးသင့်ကျွန်းဦးခေတ်မီစံပြကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ကျွန်းဦးခေတ်မီစံပြကျေးရွာ (Smart Village)သို့သွားရောက်ပြီး ရေဘေးသင့်၍ ထိခိုက်ပျက်စီးသွားသော သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေခြင်းလုပ်ငန်း ပြန်လည်ကောင်းမွန်ရေးအတွက်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရိန်းယာဉ်တင်လေမှုတ်စက်ကြီးဖြင့် အနက်ပေ ၄၀၀ တွင်းနက်အား တွင်းဆေးတွင်းမှုတ်ပြုလုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရေကျသွားပြီဖြစ်သော ကျေးရွာတွင်းလမ်းများနှင့် ဘက်စုံသုံးခန်းမအတွင်းမှ သဲနုန်းများ ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ ကျေးရွာမူလတန်းလွန်ကျောင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ရှင်းလင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ကျေးရွာအတွင်း ကျန်ရှိနေသောရေများထုတ်ပစ်နိုင်ရေးအတွက်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကဆောင်ရွက်ပေးနေသောလုပ်ငန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များညှိနှိုင်းပေါင်းစပ်မှာကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပျဉ်းမနားမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာ ၂၂ ရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ရေပေးဝေရေးစနစ်များပြန်လည်ကောင်းမွန်ရေးတို့အတွက် တွင်းဆေးတွင်းမှုတ်လုပ်ငန်းများကို လိုက်လံဆောင်ရွက်ပေးလျက်ရှိရာ ကျွန်းဦးကျေးရွာအနေဖြင့် ယနေ့ညနေပိုင်းတွင် တွင်းဆေးတွင်းမှုတ်လုပ်ငန်းပြီးစီးမည်ဖြစ်၍ ရေဖြန့်ဝေပေးနိုင်ရေးအတွက် လျှပ်စစ်မီးရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၂

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခွဲခန့်ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ ခေတ်မီနည်းပညာစွမ်းရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာလ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း၌ ကျင်းပသောမဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ Skills Dissemination Training on Industrial Internet of Things (IIoT) နှင့် Automation Technology သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအကြား ဗဟုသုတဖလှယ်ခဲ့မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည့် ယုံကြည်နားလည်မှုများကိုပါ တည်ဆောက်နိုင်ခဲ့မည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်။

ထို့နောက် မဲခေါင်ဒေသတွင်းနိုင်ငံများမှ သင်တန်းသားများက သင်တန်းတွင် နည်းပညာဖလှယ်ခဲ့မှုများနှင့် လေ့လာခဲ့မှုအတွေ့အကြုံများကို ပြောကြားကြပြီး ဒုတိယဝန်ကြီးက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များနှင့် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

### စက်တင်ဘာလ၏မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ဗန်းမော် | ၂၂-၉-၂၀၂၄ | ၁၆၉ | ၆.၆၆ | ၁၆-၉-၂၀၀၁ | ၁၅၇ | ၆.၁၈ | ၅၈ |


(မိုး/ဇလ)

### စက်တင်ဘာလ၏အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | ပြင်ဦးလွင် | ၂၁-၉-၂၀၂၄ | ၃၂.၅ | ၉၀.၅ | ၁၉-၉-၂၀၂၄ | ၃၂.၄ | ၉၀.၃ | ၃၂ |

(မိုး/ဇလ)

# ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် ခရိုင်ပေါင်းစုံ အသက် ၂၀ နှစ်နှင့်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော် ခရိုင်ပေါင်းစုံ အသက် ၂၀ နှစ်နှင့်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက လှည်းကူးခရိုင်နှင့် အလုံခရိုင်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုအားကြည့်ရှုအားပေးပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးအားကစားဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် ခရိုင်ပေါင်းစုံ အသက် ၂၀ နှစ်နှင့်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာလ ၁၅ ရက်မှ ၂၂ ရက်အထိကျင်းပခဲ့ရာ ခရိုင် ၁၄ ခုမှအမျိုးသား၊ အမျိုးသမီးအသင်း၂၈ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကို အလုံခရိုင်အသင်းကလည်းကောင်း၊ ဒုတိယဆုကိုလှည်းကူးခရိုင်အသင်းကလည်းကောင်း၊ တတိယဆုကို တွံတေးခရိုင်အသင်းကလည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်ပထမဆုကို တွံတေးခရိုင်အသင်းကလည်းကောင်း၊ ဒုတိယဆုကိုဒဂုံမြို့သစ်ခရိုင်အသင်းကလည်းကောင်း၊ တတိယဆုကို သဃ်္ဃန်းကျွန်းခရိုင်အသင်းကလည်းကောင်း အသီးသီးရရှိခဲ့ကြောင်းသိရသည်။

**လင်းခန့်**

---

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

**(ယမန်နေ့မှအဆက်)**

### ဂ

ဂ သည် မြန်မာဘာသာတွင် အနက်မရှိပါ။ အနက်မရှိသဖြင့် ပင်ကိုအဓိပ္ပာယ်လည်းမရှိ။ မြန်မာဘာသာတွင် ဂငယ်နှင့် ရေးသော ဝေါဟာရများရှိသော်လည်း မြန်မာဘာသာစကားများ မဟုတ်ဘဲ မွေးစားစကားများ၊ အသံဖလှယ်စကားများသာဖြစ်ကြသည်။

**သာဓက။ ။**

**ဂဇာ**၊ န- ဆင်ရုပ်၊ မြင်းရုပ် စသည် ရေးဆွဲသော ရှေးရိုးမြန်မာပန်းချီ။ [ပါ၊ ဂဇ]

**ဂဏန်း**၊ န- ၁၊ ၁၊၂၊၃၊၄၊၅၊၆၊၇၊၈၊၉၊၀ဟူသော သင်္ချာအမှတ်အသား။ ၂၊ ကိန်းအရေအတွက်။ ၃၊ ရေတွက်ခြင်းအတတ်။ [ပါ၊ ဂဏနာ]

**ဂတိ**၊ န- သတ္တဝါတို့လားရာဘဝ။ [ပါ၊ ဂတိ]

**ဂဒူး**၊ န- ဦးခေါင်းမှတင်ပါးအထိ မိုးလုံသော ဆောင်းစရာတစ်မျိုး။ ပက္ကလာ။ ပီလမ။ [မွန်၊ ဂဒိုဝ်]

**ဂနိုင်**၊ န- ၁၊ သစ်ပင်ကြီးများ စည်ကားစွာ ပေါက်ရောက်လျက်ရှိသော လှည့်လည်ကြည့်ရှုချင့်စဖွယ် သာယာသောတော။ ၂၊ [ ရှေး ] တော။ [ မွန်၊ ဂ္ဂိုင်]

**ဂါထာ**၊ န- ၁၊ ဆန်းကျမ်းတွင် ပြဆိုထားသည့် စည်းကမ်းတို့နှင့် အညီ ရေးစီသော ပါဠိကဗျာ။ ၂၊ လိုအင်ဆန္ဒပြည့်ဝစေကြောင်း သြောင်း၊ ဥုံ ခံ၍ ရွတ်ရသောစာ။ [ပါ၊ ဂါထာ]

**ဂါလန်**၊ န- အရည်ပမာဏကို ခန့်တွက်သော ချင့်ဝန်တစ်မျိုး။ [လိပ်၊ gallon]

**ဂူလီ**၊ န- ၁၊ မြင်းစီးလျက် တုတ်တံဖြင့် ရိုက်ခတ်ကစားရသော သစ်သားလုံး။ ၂၊ ယင်းသို့ ရိုက်ခတ်ကစားရသော ရှေးခေတ်အားကစားနည်း။ [သ၊ ဂေါလီ]

**ဂေဟာ**၊ န- နေအိမ်။ [ပါ၊ ဂေဟ]

**ဂေါပက**၊ န- စေတီပုထိုးစသည်ကို စောင့်ရှောက်ထိန်းသိမ်းသူ။ [ ပါ၊ ဂေါပက ]

**ဂေါ်ပြား**၊ န- ၁၊ မြေကို တူးဆွကော်ယက်ခပ်ယူရသော ငန်းပြားကြီး။ ၂၊ အမှိုက်များကို သိမ်းယူရာတွင် သုံးသောပစ္စည်း။ [ မြန်၊ ကော်ပြား ]

**ဂုဏ်**၊ န- ၁၊ သက်ရှိသက်မဲ့တို့၏ အရည်အချင်း၊ အစွမ်းသတ္တိ။ ၂၊ [စာပေ]အရေးအသား အစီအကုံးတွင် ကောင်းမြတ်သော အရည်အချင်း။ [ပါ၊ ဂုဏ]

### ဃ

ဃ သည် မြန်မာဘာသာတွင် အနက်မရှိပါ။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပါ။ မြန်မာဘာသာတွင် **ဃ**ကြီးနှင့် ရေးသော ဝေါဟာရများရှိသော်လည်း မြန်မာဘာသာစကားများ မဟုတ်ဘဲ မွေးစားစကားများသာဖြစ်သည်။

**သာဓက။ ။**

**ဃဋီ**၊ န- နှစ်ဆယ့်လေးမိနစ်နှင့် ညီမျှသော ကာလအပိုင်းအခြား။ မြန်မာနာရီ တစ်နာရီ။ [သ၊ ဃဋိကာ]

**ဃနာနို့ဆွမ်း**၊ န- နွားနို့ဖြင့် ကျိုချက်သောဆွမ်း။ [ပါ၊ ဃန + မြန်၊ နို့ဆွမ်း]

**ဃရာဝါသ**၊ န- အိမ်ထောင်ပြုခြင်း။ [ပါ၊ ဃရာဝါသ]

**ဃောသအက္ခရာ**၊ န- အသံပြင်းသောအက္ခရာ။သံပြင်းအက္ခရာ။ (ဂ၊ ဃ၊ င၊ ဇ၊ ဈ၊ ဉ/ည၊ ဍ၊ ဎ၊ ဏ၊ ဒ၊ ဓ၊ န၊ ဗ၊ ဘ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ ဟ၊ ဠ ဟူ၍ အက္ခရာ၂၁ လုံးရှိသည်။) [ပါ၊ ဃောသ+အက္ခရ]

**သံဃာ**၊ န- မြတ်စွာဘုရား၏ တပည့်ရဟန်းအပေါင်း။ [ ပါ၊ သံဃ]

**သံဃာစင်**၊ န- အလှူမဏ္ဍပ်တွင် ရဟန်းတော်များ သီတင်းသုံးရာစင်။ [ ပါ၊ သံဃ + မြန်၊ စင် ]

**အာဃာတ**၊ န- တစ်စုံတစ်ဦးအပေါ် မကျေနပ်သောကြောင့် အန္တရာယ်ပြုရန် စိတ်တွင်တေးမှတ်ထားခြင်း။ ရန်ငြိုး။[ ပါ၊ အာဃာတ ]

### င

**င** ၏အနက်လည်း ‘ပေါင်းစည်း’ပင်ဖြစ်သည်။ ထို့ကြောင့်ထိမိသည်၊ ဆက်စပ်သည်၊ စုံစေ့သည်၊ မျှသည် စသည့်အဓိပ္ပာယ်များကို ဆောင်သည်။

**င**၁၊ ကြိ- စေ့စုံသည်။ လုံလောက်သည်။ စေ့စုံသည် ဆိုသည်မှာ လိုအပ်သောအရေအတွက် ရှိသင့်သောအရေအတွက်သို့ ရောက်ရှိကိုက်ညီမျှတသည့်သဘော ဖြစ်သည်။ ထိမိဆက်စပ်သည့် အနက်ပင်ဖြစ်သည်။ ပေးဝေရမည့်ပစ္စည်းနှင့် လက်ခံရယူမည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း ကိုက်ညီသဖြင့် အားလုံး ရရှိကြသည်ကို **င** သည်ဟု ဆိုသည်။ ကြိယာဖြစ်သော **င** ကို ကုံ၊ စေ့၊ လောက် စသည်တို့နှင့် တွဲဖက်၍ ကုံ**င**သည်၊ စေ့**င**သည်၊ လောက်**င**သည် စသည်ဖြင့် သုံးသည်။

**င**၂၊ စည်း- ယောကျ်ားအမည်ရှေ့တပ်စကားလုံး။ ပုဂံခေတ်၊ ပင်းယခေတ် စသည့်ခေတ်များက ကျောက်စာများတွင် ယောကျ်ားများ၏ အမည်ရှေ့တွင် **င** ကိုတပ်၍ **င**ပွင့်၊ **င**ဆင့် စသည်ဖြင့် ခေါ်လေ့ရှိသည်။ **င** အစား ငါ ကိုလည်း သုံးသည်။ **င** ၏ အနက်မှာ ပေါင်းစည်းနက်ပင်ဖြစ်၍အပေါင်းအစည်း၊ အစုအဖွဲ့၊ အကောင်အထည်ဖြစ်သော “ကို” ကို ရည်ညွှန်းသည်။ နောင်အခါ ပေါင်းစည်းနက်ပင်ဖြစ်သော မောင်၊ ကို၊ ဦး စသည်ဖြင့် အရွယ်အရ ခွဲခြားခေါ်ကြသည်။ မောင်၊ ကို၊ ဦး တို့၏ အနက်လည်း အလုံးအထွေး၊ အပေါင်းအဖွဲ့ပင်ဖြစ်သည်။ နာမ်စား ဖြစ်သည့် ငါ သည်လည်း နာမ်စားဖြစ်သော ကို [ရှေး] ကိုဝ် [ယခု] ကိုယ်နှင့် အတူပင်ဖြစ်သည်။

### စ

**စ** ၏အနက်လည်း “ပေါင်းစည်းခြင်း”ပင်ဖြစ်သည်။ **စ** ကို **စက်**သည်၊ **စပ်**သည် စသော ဝေါဟာရများနှင့် နှိုင်းယှဉ်၍ အနက်ဖော်ပါက ပို၍ပေါ်လွင်ပါလိမ့်မည်။ ဆက်စပ်သည်၊ ထိမိသည်၊ ယှဉ်နိုင်းသည် စသော အနက်သဘောများဖြစ်သည်။ **စ** သည် စ၊ စာ၊ စားဟူသော တက်ကျသံ သုံးမျိုးတွင် သက်သံဖြစ်သည်။ အသံအားဖြင့် အားအနည်းဆုံးသော အသံဖြစ်သည်။ အနက်အားဖြင့်လည်း အားအနည်းဆုံး အနက်ဖြစ်သည်။

**စ** ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် “ကြိ- ၁၊ ရှေးဦးပြုသည်။ ၂၊ ကျီစားသည်။ နောက်သည်။ ပြောင်သည်” ဟူ၍ ဖွင့်ပြထားပါသည်။ ပစ္စည်းအနေဖြင့် စည်း-၁၊ အမေးကိုပြသောစကားလုံး။ “ဟုတ်ပါလေ**စ**”။ ၂၊ ကြိယာအနက်ကို လေးနက်အောင်၊ ပြေပြစ်အောင် ထောက်ပံ့သောစကားလုံး။ “မမြင်**စ**ဖူး၊ ရှက်**စ**နိုး။”

မူလသက်ရောက်သောအနက်ကို ကြံဆဆင်ခြင်ရသော်- ရှေးဦးပြုသည် ဆိုသည်မှာ ပြုဖွယ် ကိစ္စတစ်ခုခုကို ဦးစွာပြုသည့် သဘောဖြင့် ထိုပြုဖွယ်ကိစ္စရပ်ကို ဦးစွာ ဆက်စပ်ထိတွေ့လိုက်ခြင်းပင်ဖြစ်သဖြင့် ပေါင်းစည်းနက်ပင်ဖြစ်သည်။ “ကျီစားသည်၊ နောက်သည်၊ ပြောင်သည်။” ဆိုသည်မှာလည်း တစ်စုံတစ်ယောက်ကို၊ တစ်စုံတစ်ရာသောပစ္စည်း၊ တစ်စုံတစ်ရာသောစကား စသည့်အကြောင်းအရာနှင့် ဆက်စပ်ပြောဆို ဆောင်ရွက်ပြုလုပ်သည်ပင်ဖြစ်သည်။ “နောက်သည်၊ ကျီစားသည်” စသည်ကို အချို့ဒေသတွင်**တို့**သည်ဟု ပြောကြသုံးနှုန်းကြသည်။

အမေးပစ္စည်း **စ** ၏ အနက်မှာလည်း သိလိုသော အကြောင်းအရာ တစ်ခုခုနှင့်ပတ်သက် ဆက်စပ်၍ ဖြစ်နိုင်၏ မဖြစ်နိုင်၏ ဆိုသည်ကို မေးမြန်းစုံစမ်းခြင်းပင်ဖြစ်သဖြင့် ထိမိဆက်စပ်နှိုင်းယှဉ်ခြင်း အနက်ပင်ဖြစ်၍ ပေါင်းစည်းခြင်းသဘောပင်ဖြစ်သည်။

“မမြင်**စ**ဖူး၊ မကြား**စ**ဖူး” တို့မှ **စ** သည်လည်း မမြင်ဖူးဘူး၊ မကြားဖူးဘူး ဆိုသည့်သဘောတွင် အမှန်တကယ် မမြင်ဖူး၊ မကြားဖူးသည့်သဘောကို ထိထိမိမိ၊ တိတိကျကျ ပေါ်လွင်စေသောအနက်ကို ဖြစ်စေပါသည်။

တက်ကျသံတွင် သက်သံဖြစ်သော **စ** သံ၏ အနက်ဆက်နွယ်သံ **စက်** နှင့် **စပ်** တို့၏ အနက်သည်လည်း ပေါင်းစည်းနက်ပင်ဖြစ်သည်။

**စက်** ကို မြန်မာအဘိဓာန်တွင် “ကြိ - ၁၊ ချိန်နှိုင်းသည်။ ချိန်တွယ်သည်။ ၂၊ ဆက်လက်ကူးပြောင်းပျံ့နှံ့သည်။ ၃၊ (မင်း၊ မိဖုရား စသည်) အိပ်သည်။”ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဆက်စပ်သည့်သဘော၊ ထိမိသည့်သဘော၊ ပေါင်းစည်းသည့်သဘောပင်ဖြစ်ပါသည်။ ချိန်နှိုင်းသည်၊ ချိန်တွယ်သည်ဆိုသည်မှာ ကောင်းသည် ဆိုးသည်၊ ရှုံးသည် မြတ်သည်၊ တော်သည် ညံ့သည် စသည်တို့ကို ဆက်စပ်ကြည့်ခြင်း ဖြစ်ပါသည်။ ဆက်လက်ကူးပြောင်းပျံ့နှံ့သည်ဆိုသည်မှာ တစ်ခုနှင့် တစ်ခု ထိ၍ဆက်၍ဖြစ်သည့် သဘောဖြစ်သဖြင့် ပေါင်းစည်းခြင်း အနက်ပင်ဖြစ်ပါသည်။ အထူးသဖြင့် ရောဂါ၊ မကောင်းသောအကျင့် စသည် ကူးပျံ့ရာတွင် သုံးလေ့ရှိသည်။ ကူးနှင့်တွဲ၍ ကူးစက်သည်ဟု သုံးလေ့ရှိသည်။ **စက်** နှင့် **ကူး** အနက်တူပင် ဖြစ်သည်။

**စပ်** လည်း **စ** နှင့် အနက်တူပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် **စပ်**ကို “ကြိ- ၁၊ ပူးကပ်သည်။ ၂၊ ပေါင်းသည်။ ရောသည်။ ၃၊ သက်ဆိုင်သည်။ ၄၊ (အမျိုး) တော်သည်။ ၅၊ စီကုံးဖွဲ့နွဲ့သည်။ ၆၊ အဆက်အသွယ်ပြုသည်။”ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ထားသော ကြိယာနက် ခြောက်ခုလုံး ပေါင်းစည်းခြင်း၊ ဆက်နွယ်ခြင်း၊ ပူးတွဲခြင်း၊ ရောယှက်ခြင်း စသောအနက်များဖြစ်သည်။ ကမ်း**စပ်**၊ ဆံ**စပ်** ဟူသောဝေါဟာရများသည် ကမ်း**စ**၊ ဆံ**စ** ပင်ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၂၆၀၀ ကျော်တင်ပို့နိုင်

**ရန်ကုန် စက်တင်ဘာ ၂၂**

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ငါးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၂၆၀၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဩဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပြည်ပကို ပုစွန်မက်ထရစ်တန် ၂၆၀၅ ဒသမ ၉၂၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၈၁ သန်း ရရှိခဲ့ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၂၁၄၁ ဒသမ ၃၈၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၅၅ သန်းရရှိကာ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၄၆၄ ဒသမ ၅၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၂၆ သန်းရရှိသဖြင့် စုစုပေါင်း ပုစွန်မက်ထရစ်တန် ၂၆၀၅ ဒသမ ၉၂၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၈၁ သန်းရရှိခဲ့သည်။

ပြည်တွင်းမှထွက်ရှိသည့် ငါး၊ ပုစွန်စသည့်ရေထွက်ကုန်များကို ပြည်ပနိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။ **စောယု**



# စင်ကာပူ - မြန်မာ သက်မွေးပညာသင်တန်းကျောင်း၌ သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်း၌ အင်ဂျင်နီယာသင်တန်းများနှင့် ဟိုတယ်နှင့် ခရီးသွားသင်တန်းများ အခမဲ့ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ တွဲဖက်ပါမောက္ခ ဒေါ်ခင်ငြိမ်းစုသွယ်၏ပြောကြားချက်အရ သိရသည်။

ထိုသို့ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများတွင် Electrical Technology၊ Electronics (Computer & Networking)၊ Residential Air-Conditioning၊ Mechatronics (Basic Servicing)၊ General Welding အင်ဂျင်နီယာသင်တန်းငါးခုနှင့် Front Office Operations၊ Housekeeping Operations၊ Restaurant Operations ဟိုတယ်နှင့်ခရီးသွားသင်တန်း သုံးခုတို့ ပါဝင်ပြီး စုစုပေါင်းသင်တန်းရှစ်ခုကို အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

"အရင်က သင်တန်းတက်ရောက်ဖို့ ရွေးချယ်ရာမှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူတွေ၊ စနစ်သစ် Grade-12 အောင်မြင်ပြီးသူတွေထဲကနေ စိစစ်ရွေးချယ်ပြီး လက်ခံသင်ကြားပေးပါတယ်။ အခုတော့ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခြင်းမရှိပေမယ့် ဖြေဆိုပြီးတဲ့သူတွေ၊ စနစ်သစ် Grade-12 အောင်မြင်ခြင်းမရှိပေမယ့် ပြီးမြောက်ကြောင်းလက်မှတ်ရရှိတဲ့သူတွေလည်း လျှောက်ထားနိုင်ပါတယ်။ သင်တန်းကြေးက အခမဲ့ဖြစ်ပါတယ်" ဟု တွဲဖက်ပါမောက္ခ ဒေါ်ခင်ငြိမ်းစုသွယ် ကပြောသည်။

နိုင်ငံအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ ယခုကဲ့သို့ သက်မွေးပညာသင်တန်းများကို အခမဲ့ဖွင့်လှစ်ပို့ချရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး နိုဝင်ဘာလ ၄ ရက်တွင် သင်တန်းများ စတင်ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းအသီးသီးတွင် စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးမည်ဖြစ်သောကြောင့် သင်တန်းပြီးမြောက်ပါက လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ တတ်မြောက်နိုင်မည့်အခွင့်အရေးများ ရရှိနိုင်ကြောင်း သိရသည်။

အဆိုပါ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်းမှ အခမဲ့ဖွင့်လှစ်ပေးမည့် သက်မွေးပညာသင်တန်းများ တက်ရောက်လိုသူများ အနေဖြင့် အောက်တိုဘာလ ၄ ရက်နောက်ဆုံးထားပြီး သင်တန်းကျောင်းတည်ရှိရာ အမှတ် (၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။ **ဆောင်းဦး**


# ဖာပွန်မြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဖာပွန် စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဖာပွန်မြို့နယ်ရှိ တံတားဦးကျေးရွာ၊ ကျွန်းတောကျေးရွာနှင့် ဝါးဒူးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တံတားဦးကျေးရွာ၊ ကျွန်းတောကျေးရွာနှင့် ဝါးဒူးကျေးရွာတို့၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အငှမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား ၇၉ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၁၅ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**




# စက်တင်ဘာလတတိယပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၇၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်စတော့အိတ်ချိန်း စတော့ရှယ်ယာဈေးကွက်၌ စက်တင်ဘာလ တတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၇၀၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ထိုသို့အရောင်းအဝယ်ဖြစ်ခြင်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စတော့ရှယ်ယာအစောင်ရေ ငါးပုံတစ်ပုံကျော်အထိ အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် နေ့စဉ်စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေပြီး စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်အတွင်း စုစုပေါင်းငွေကျပ် ၆၀၇၀၂၇၅၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၁၇၈၈၄ စောင်ကို အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၉၇၉၂၈၀၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၁၁၁၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၀၁၄၀၉၀၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၅၈၇၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၃၁၂၁၂၀၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၃၅၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၂၂၇၃၁၀၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၁၂၅၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၄၂၀၁၅၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၁၅၂၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၆၁၄၈၅၀၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၃၆၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၃၃၇၂၁၀၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၇၅၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၁၆၄၄၀၀၀ တန်ဖိုးရှိသည့် စတော့ရှယ်ယာအစောင်ရေ ၃၄၀၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

# လီဗာပူးအသင်းခံစစ်ကစားသမား အာနိုး ပြိုင်ပွဲစုံတွင် ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၀၀ ပြည့်ပြီး အသင်းတွင် တတိယမြောက်ဂိုးဖန်တီးမှုအများဆုံးကစားသမားဖြစ်လာ



လန်ဒန် စက်တင်ဘာ ၂၂

လီဗာပူးအသင်း တောင်ပံခံစစ်ကစားသမား အာနိုးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ကစားသည့် လီဗာပူးအသင်းက ဘုန်းမောက်စ်အသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့်အနိုင်ရရှိသောပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ပြီးနောက် ပြိုင်ပွဲစုံတွင် ဂိုးပါဝင်ပတ်သက်မှု (သွင်းဂိုးနှင့် ဂိုးဖန်တီးမှု) အကြိမ်ရေ ၁၀၀ ပြည့်ပြီး လီဗာပူးအသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှု အများဆုံးကစားသမားစာရင်းတွင် တတိယနေရာသို့ရောက်ရှိလာကြောင်း သိရသည်။

လီဗာပူးအသင်းက အိမ်ကွင်း၌ ဘုန်းမောက်စ် အသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အာနိုးက ပွဲချိန် ၂၈ မိနစ်တွင် လူးဝစ်ဒီယက်ဇ်၏ သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ပြီးနောက် ပြိုင်ပွဲစုံတွင် ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၀၀ ပြည့်ခဲ့၍ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်အရွယ် အာနိုးသည် လီဗာပူး အသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်မှစ၍ အသင်းနှင့်ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုကာ စတင်လက်တွဲခဲ့ပြီး ဘောလုံးရာသီ တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်သည်။ အာနိုးသည် လီဗာပူးအသင်းနှင့် ဘုန်းမောက်စ် အသင်းတို့ပွဲစဉ်တွင် ဂိုးဖန်တီးမှုပြုလုပ်နိုင်ပြီးနောက် လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၉ ဂိုး၊ ဂိုးဖန်တီးမှု ၈၁ ကြိမ် စုစုပေါင်းဂိုးပါဝင်ပတ်သက်မှု အကြိမ်ရေ ၁၀၀ ပြည့်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ လီဗာပူးအသင်းသမိုင်း တစ်လျှောက် အာနိုးသည် ဘုန်းမောက်စ်အသင်း နှင့်ပွဲစဉ်မတိုင်မီက ဂိုးဖန်တီးမှုအများဆုံးကစား သမားစာရင်းတွင် စတုတ္ထနေရာ၌ ရပ်တည်နေပြီး ဘုန်းမောက်စ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သောကြောင့် ဂိုးဖန်တီးမှု ၅၉ ကြိမ်ရှိလာသည့်အတွက် ကစားသမားဟောင်း စတိဗ်မက်မက်နာမန်းကို တစ်ကြိမ်အသာဖြင့်ကျော် ဖြတ်၍ တတိယနေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှု အများဆုံးကစားသမားအဖြစ် ဂန္ထဝင်ကစားသမား ဂျရတ်က ၉၂ ကြိမ်ဖြင့် ထိပ်ဆုံးမှရပ်တည်နေ ကြောင်း သိရသည်။

*Ref;ESPN*

# ဗလင်စီယာအသင်းမှ လူငယ်ကစားသမား ဂက်စီယိုဝက်စကီးကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေ

မက်ဒရစ် စက်တင်ဘာ ၂၂

ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဗလင်စီယာ အသင်းမှ လူငယ်ခံစစ်ကစားသမား ဂက်စီယိုဝက်စကီး ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းကို အရည် အချင်းအပြည့်အဝရှိသည့် ထိပ်တန်းလူငယ်ကစား သမားများနှင့်စုဖွဲ့ထားပြီး လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဗလင်စီယာ အသင်းမှ ဂက်စီယိုဝက်စကီးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန်ပစ်မှတ်ထား နေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းတိုက်စစ်ပိုင်း နှင့်ကွင်းလယ်ပိုင်းတို့တွင် ထိပ်တန်းလူငယ်ကစား သမားများရှိနေသော်လည်း အသင်းခံစစ်ပိုင်းတွင် လူငယ်ကစားသမားနည်းပါးနေသည့်အတွက် အသက် ၁၉ နှစ်သာရှိသေးသည့် ဂက်စီယိုဝက်စကီးကို ခေါ်ယူလိုနေခြင်းဖြစ်သည်။

ဂက်စီယိုဝက်စကီးသည် ဗလင်စီယာအသင်း အကယ်ဒမီထွက်ကစားသမားဖြစ်ကာ ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ စတင်ပါဝင်ကစား ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း အဓိက ကစား သမားအဖြစ်ပါဝင်နေသည်။ *Ref;Fabrizio Romano*

# ပီအက်စ်ဂျီအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသည့် တိုက်စစ်ကစားသမား အီဆက်အတွက် ပြောင်းရွှေ့ကြေးကို နယူးကာဆယ်အသင်းက စတာလင်ပေါင် ၈၃ သန်း သတ်မှတ်ထား

လန်ဒန် စက်တင်ဘာ ၂၂

ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ပစ်မှတ်ထား နေသည့် တိုက်စစ်ကစားသမား အီဆက်အတွက် ပြောင်းရွှေ့ကြေးကို နယူးကာဆယ်အသင်းက စတာ လင်ပေါင် ၈၃ သန်း သတ်မှတ်ထားကြောင်း သိရ သည်။

အသက် ၂၅ နှစ်အရွယ် အီဆက်သည် ၂၀၂၂ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ က ဆိုစီဒက်စ်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ဘောလုံး ရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည်။ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၀ အထိ ပါဝင်ကစားခဲ့ကာ ၂၅ ဂိုး အထိ သွင်းယူနိုင်၍ ဥရောပထိပ်တန်းအသင်းကြီး များကခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အီဆက်ကို ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ချယ်လ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်းတို့ကခေါ်ယူရန်သတင်းများထွက်ပေါ် ခဲ့သော်လည်း ပြောင်းရွှေ့ကြေးညှိနှိုင်းမှုအဆင်မပြေ သည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ဘဲ နယူးကာဆယ်အသင်းက အသင်းဘဏ္ဍာရေးအခြေ အနေကြောင့် အီဆက်ကို လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိုက်သင့် သည့်ပြောင်းရွှေ့ကြေးရရှိပါက လက်လွှတ်သွားဖွယ် ရှိသည်။

ပီအက်စ်ဂျီအသင်းကလည်း အသင်းမှ အဓိက တိုက်စစ်ကစားသမား အမ်ဘတ်ပီ ရီးယဲလ်မက်ဒရစ် အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ၎င်း၏နေရာ တွင် ကစားသမားခေါ်ယူနိုင်ခြင်းမရှိခဲ့သည့်အတွက် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အီဆက်ကိုခေါ်ယူရန် ပစ်မှတ်ထားနေ ကြောင်း သိရသည်။ *Ref;One Football*

# နည်းပြဂွါဒီယိုလာနောက်ပိုင်း အဝေးကွင်းသုံးပွဲဆက်နိုင်ပွဲရရှိသည့်ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် နည်းပြကွန်ပနီမှတ်တမ်းဝင်

ဘာလင် စက်တင်ဘာ ၂၂

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်အဖြစ် ကစားခဲ့သည့် ဝါဒါဘရီမင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက အဝေးကွင်း၌ ၅ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီးနောက် နည်းပြဂွါဒီယိုလာ နောက်ပိုင်း ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် အဝေး ကွင်းသုံးပွဲဆက်အနိုင်ရရှိသည့် ဘိုင်ယန်မြူးနစ် အသင်းနည်းပြအဖြစ် နည်းပြကွန်ပနီ မှတ်တမ်းဝင်ခဲ့ ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်နှင့် မိနစ် ၆၀ တွင် အိုလီဆီ၊ ပွဲချိန် ၃၇ မိနစ်တွင် မူစီအာလာ၊ ပွဲချိန် ၅၇ မိနစ် တွင် ဟယ်ရီကိန်းနှင့် ပွဲချိန် ၆၅ မိနစ်တွင် ဂါနာဘီတို့ က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။



ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲတွင် အဝေးကွင်းပွဲစဉ်များအဖြစ် ဝုဖ်ဘတ် အသင်းနှင့်ပွဲစဉ်တွင် ၃ ဂိုး-၂ ဂိုး၊ ဟော်စတိန်းကယ် အသင်းနှင့်ပွဲစဉ်တွင် ၆ ဂိုး-၁ ဂိုးနှင့် ဝါဒါဘရီမင် အသင်းနှင့်ပွဲစဉ်တွင် ၅ ဂိုး-ဂိုးမရှိဖြင့် သုံးပွဲဆက်အနိုင် ရရှိပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၀၁၅-၂၀၁၆ ဘောလုံး ရာသီက နည်းပြဟောင်းဂွါဒီယိုလာ ကိုင်တွယ်စဉ်က အဝေးကွင်းသုံးပွဲဆက်အနိုင်ရရှိပြီး နည်းပြဂွါဒီယိုလာ နောက်ပိုင်းတွင် အဝေးကွင်းသုံးပွဲဆက်နိုင်ပွဲမရရှိခဲ့ ဘဲ ယခုအခါမှသာ နည်းပြ ကွန်ပနီလက်ထက်တွင် နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*



# တရားမဝင် စက်သုံးဆီများ၊ ယာဉ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၂၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ ခရီးသည် (၃)ဦး၏ ဝန်စည်များအတွင်းမှ လုပ်ငန်းသုံးပစ္စည်း (၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုးနှင့် လက်ဝတ်ရတနာပစ္စည်း(၁၈)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၄၅၂၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၀ ရက်**တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး၊ ယာဉ်အပိုပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၉၀၂၀၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၁)စီး၊ Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စက်တင်ဘာလ ၂၁ ရက်**တွင် ဘုရားကြီးမြို့ လမ်းဆုံအနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JAC Express Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၈၂၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၀ ရက်**တွင် မြောင်းမြခရိုင်အတွင်း၌ လိုင်စင်မဲ့ Luojia-125 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ သရော်ချောင်းကျေးရွာအုပ်စု၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်(၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃)မျိုးနှင့် စက်လှေ(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၄၀၀၀) ကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၂၁ ရက်**တွင် ပုသိမ်ခရိုင်၊ မအူပင်ခရိုင်နှင့် လပွတ္တာခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ (၇)ပီပါနှင့် ဒီဇယ် (၂)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၆၄၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **စက်တင်ဘာလ ၂၁ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ အောင်ပန်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေး-ပြင်ဦးလွင်ကားလမ်းမိုင်တိုင်အမှတ်(၁၉)နှင့် (၂၀) ကြား၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၇၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Station Wagon (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၈၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၂၁ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ရှောင်လမ်းမ၊ ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း(၁)မျိုး (၂၅၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာလ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၂၀၉၃၂၀၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# စစ်ကိုင်းမြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၂၁ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားအနီးတွင် SURF အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀၅ ပြားကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ မယ်ခေါင်(၂)လမ်းရှိ စိုင်းလောဝ်ဆိုင် ငှားရမ်းနေထိုင်သည့် နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)



စိုင်းလောဝ်ဆိုင်အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၉-၂၀၂၄

| | | | |
|---|---|---|---|
| ဗန်းမော် | ၆ | ဒသမ | ၆၆ လက်မ |
| ချောင်းဆုံ | ၃ | ဒသမ | ၇၄ လက်မ |
| ထားဝယ် | ၃ | ဒသမ | ၃၄ လက်မ |
| သိမ်ဇရပ် | ၃ | ဒသမ | ၁၄ လက်မ |
| ဝေါ | ၂ | ဒသမ | ၉၅ လက်မ |
| ဇီးကုန်း | ၂ | ဒသမ | ၅၆ လက်မ |
| ပေါင်းတည် | ၂ | ဒသမ | ၁၄ လက်မ |
| ပဲခူး | ၁ | ဒသမ | ၈၁ လက်မ |

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း (သို့) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၃-၉-၂၀၂၄ ရက်နေ့မှ ၆-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ

မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ













➢ပါရမီ(YBS) 09-459448201

➢ရွှေမန်းသူ 09-254781060

➢ မန္တလေးအခြေစိုက် 09-426500153

➢တော်ဝင် 09-423333250

➢ ပါရမီတက္ကစီ 01-3643641

➢ကုန်စည် 09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




**အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ကျောက်တံခါး၊ပဲခွယ်ကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွှတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။၀၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

## MWD မီဒီယာစင်တာ

### ရရှိနိုင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။




No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

## ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို မြုပ်မွေးတောက်ပစေပါသည်။



# DENTOMEC




DENTIST RECOMMENDED FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## အထူး မိုးလေဝသ သတင်း

နေပြည်တော် စက်တင်ဘာ ၂၂

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စက်တင်ဘာလ ၂၂ ရက် ညနေ၅ နာရီခွဲအချိန်ထုတ်ပြန်သည့် အထူးမိုးလေဝသသတင်းအနေဖြင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ရွေ့လျားနိုင်ပြီး စက်တင်ဘာလ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

အဆိုပါလေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာလ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး **စာမျက်နှာ ၂၄ ကော်လံ ၁ ●**

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံပေါ့အသင်းနှင့် ISPE အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေါ့အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် **စာမျက်နှာ ၁၇ ကော်လံ ၁ ❑**

## မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ(MLWC-9)တွင် ထွန်းထွန်းမင်းက ရှုံးပွဲမရှိ စံချိန်တင်ထားသည့် လက်ဝှေ့ကျော် ကျော်စွာဝင်းကိုအလဲထိုးအနိုင်ယူ

ရန်ကုန် စက်တင်ဘာ ၂၂

Myanmar Martial Arts Group မှကြီးမှူးကျင်းပသည့် MYANMAR LETHWEI WORLD CHAMPIONSHIP(MLWC-9) နဝမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူလက်ဝှေ့ခန်းမ၌ပြုလုပ်ရာ **စာမျက်နှာ ၁၄ ကော်လံ ၁ ❖**

## တရားမဝင်စက်သုံးဆီများ၊ ယာဉ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

## ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့

Tissue Culture ခေတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်းဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များအား ဖုန်း-၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Internet & Mobile Banking Services

- Account Transfer
- Mobile Topup (Phone Bill)
- Remittance
- Cardless ATM Withdrawl
- Credit Card Payment
- Tax Payment

Secure, Secret, Swift and Correct, Myawaddy Bank

(24) ~ (01) 2301421, 2317166

Phone No : (01) 2301367, 2301368, 2301452, 2301378